## မြန်မာနိုင်ငံ၏ ပို့ကုန်သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

မြန်မာနိုင်ငံ၏ ပို့ကုန်သွင်းကုန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

အပိုင်း (၁) - ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်အဖြစ် မှတ်ပုံတင်ခြင်း

အပိုင်း (၂) - ကုန်သွယ်မှုလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

အပိုင်း(၃) - ကုန်ပစ္စည်းအမျိုးအစားအလိုက် လိုက်နာဆောင်ရွက်ရန်အချက်များ

အပိုင်း (၄) - အထွေထွေ

**Latest News:**

## အပိုင်း (၁) - ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်အဖြစ် မှတ်ပုံတင်ခြင်း

မှတ်ပုံတင်ခြင်း

၄။ အောက်ဖော်ပြပါအဖွဲ့အစည်းများသည်ပို့ကုန်သွင်းကုန်လုပ်ငန်းဆောင်ရွက်ရန် ပို့ကုန်/သွင်းကုန် လုပ်ငန်းရှင်မှတ်ပုံတင် ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတွင် လျှောက် ထားနိုင်သည် -၁/

(က) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ၊၁၉၅ဝပြည့်နှစ်အထူးကုမ္ပဏီအက်ဥပဒေတို့အရ မှတ်ပုံတင်ထားသော -

(၁) လီမိတက်ကုမ္ပဏီများ။ (နိုင်ငံခြားကုမ္ပဏီများ အပါအဝင်)

(၂) ဖက်စပ်ကော်ပိုရေးရှင်းများ /ဖက်စပ်လီမိတက် ကုမ္ပဏီများ ။

(ခ) သမဝါယမအသင်းဥပဒေအရ တည်ထောင်ထားသော သမဝါယမအသင်းလီမိတက်များ။

၅။ နယ်စပ်ဒေသနေပြည်သူများ ၊ အသေးစား ပုဂ္ဂလိကလုပ်ငန်းရှင်များအတွက် ရိုးရှင်း လွယ်ကူစွာ ဆောင်ရွက်နိုင်ရန် တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် Individual Trading Card (ITC) ကို သက်ဆိုင်ရာ နယ်စပ်ကုန်သွယ်ရေးစခန်း၊ တိုင်းဒေသကြီး / ပြည်နယ် များရှိ ပို့ကုန်သွင်းကုန်ရုံး များ တွင် လျှောက်ထားနိုင်သည်။

မှတ်ပုံတင်သက်တမ်းကာလ၊ မှတ်ပုံတင်ကြေးနှင့် သက်တမ်းတိုးမြှင့်ကြေး

၆။ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များအတွက် မှတ်ပုံတင်သက်တမ်းကာလ၊ မှတ်ပုံတင်ကြေးနှင့် သက်တမ်းတိုးမြှင့်ကြေးမှာ အောက်ပါအတိုင်းဖြစ်ပါသည် -၂/

| | |
|---|---|
| (က) ယာယီ (၆)လ သက်တမ်းအတွက် | ၅၀၀၀၀ ကျပ် |
| ( ခ) (၁) နှစ် သက်တမ်းအတွက် | ၅၀၀၀၀ ကျပ် |
| ( ဂ) (၂) နှစ် သက်တမ်းအတွက် | ၁၀၀၀၀၀ ကျပ် |
| (ဃ) (၃) နှစ် သက်တမ်းအတွက် | ၁၅၀၀၀၀ ကျပ် |
| ( င) (၃) နှစ် အထက်မှ (၅)နှစ်အထိ | ၂၀၀၀၀၀ ကျပ် |

၇။ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်မှတ်ပုံတင် သက်တမ်းကို ခွင့်ပြုသည့်နေ့မှ သက်တမ်း (၅) နှစ်အထိ တစ်ဆက်တည်းကာလ သတ်မှတ်ခွင့်ပြုပါသည်။ သို့ရာတွင်ကုမ္ပဏီများ၊ သမဝါယမ အသင်းလီမိတက်များကို သက်ဆိုင်ရာဌာနများမှ ခွင့်ပြုသည့် မှတ်ပုံတင် သက်တမ်းသည် (၅) နှစ်ထက် လျှော့နည်းပါက ယင်းသက်တမ်းအတိုင်းသာ ခွင့်ပြုပါသည်။

ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း

၈။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လျှောက်ထားခြင်းကို (၃-၃-၂၀၁၄) ရက်နေ့မှစ၍ Online စနစ်ဖြင့် စတင်ဆောင်ရွက်လျက်ရှိပါသည်။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင် လျှောက်ထားလိုသူအနေဖြင့် http://www.myanmartradenet.com.mm တွင် ဖော်ပြထားသော ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံ တင် လျှောက်ထားခြင်း အတွက်ပုံစံ၌လိုအပ်သည့်အချက်အလက်များ ဖြည့်စွက်ပြီးကုန်သွယ်ရေးဦးစီးဌာနတွင် လျှောက်ထားနိုင်ပါသည်။ ပုံစံအား နောက်ဆက်တွဲ ဖြင့် ဖော်ပြထားပါသည်။

နောက်ဆက်တွဲ(က)

ပို့ကုန်သွင်းကုန် လုပ်ငန်းရှင် မှတ်ပုံတင် ပြင်ဆင်ခြင်း

၉။ ခွင့်ပြုထုတ်ပေးထားသည့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်တွင် ဖော်ပြထားချက်များ ကို ပြင်ဆင်ဖြည့်စွက်လိုပါက ကုန်သွယ်ရေးဦးစီးဌာနသို့ တင်ပြလျှောက် ထားရမည်။ ပြင်ဆင်လိုသည့် ဖော်ပြချက်သည် အထက်အပိုဒ် (၄) (က) (ခ) ပါ မှတ်ပုံတင်ထားသည့် ကိစ္စရပ်များနှင့် သက်ဆိုင်ပါက ယင်းဌာနများတွင် ပထမဦး စွာ ပြင်ဆင် ခွင့်ပြုချက် တင်ပြရမည်။ ပြင်ဆင်ချက် တစ်မျိုးအတွက် ဆောင်ရွက်ခကြေး ကျပ် (၁၀၀၀) နှုန်း ပေးဆောင်ရမည်။

မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခွင့်လျှောက်ထားရမည့်ကာလ

၁၀။ မိမိမှတ်ပုံတင်ထားသည့်မှတ်ပုံတင် သက်တမ်းကို တိုးလိုပါက သက်တမ်းကုန်ဆုံးသည့်နေ့ မတိုင်မီ(၃)လ ကြိုတင်၍ လျှောက်ထားနိုင်သည်။

မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခွင့်ပြုခြင်း

၁၁။ မှတ်ပုံတင်သက်တမ်းကုန်ဆုံးသည့်နေ့နှင့် ယင်းနေ့မတိုင်မီ ကြိုတင်လျှောက်ထားခြင်းကို သတ်မှတ်သည့် သက်တမ်းတိုးမြှင့်ကြေးများ ပေးဆောင်စေပြီး အများဆုံး(၅)နှစ်အထိသာ ထပ်မံ သက်တမ်းတိုးမြှင့်ခွင့်ပြုပါသည်။

ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ် ပြန်လည်အပ်နှံခြင်း

၁၂။ လုပ်ငန်းရှင်သည်လုပ်ငန်းဆက်လက်မဆောင်ရွက်လိုသဖြင့်ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံ တင်လက်မှတ်အား ပြန်လည်အပ်နှံလိုက အပ်နှံနိုင်ပါသည်။

ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် လက်မှတ်ဖျက်သိမ်းခြင်း

၁၃။ အောက်ဖော်ပြပါ ကိစ္စရပ်များကြောင့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်ကို ဖျက်သိမ်းခြင်း ခံရမည် ဖြစ်ပါသည် -

(က) သတ်မှတ်စည်းမျဉ်းစည်းကမ်းများအတိုင်း သက်တမ်းတိုးမြှင့်ခွင့် လျှောက်ထား ခြင်းမပြုသည့် မှတ်ပုံတင်များ၊

(ခ) တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်း စည်းမျဉ်းများကို ဖောက်ဖျက်၍ စီးပွားရေး မသမာမှုများ ဆောင်ရွက်သည့် ကုမ္ပဏီများအနေဖြင့် ကုမ္ပဏီဖျက်သိမ်း အရေးယူ ခံရခြင်း၊ အမည်မဲစာရင်း (Black List) တင်သွင်းခံရခြင်း။

ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် မိတ္တူထပ်မံထုတ်ပေးခြင်း

၁၄။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ကတ်ပြားများ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီး ပျောက်ဆုံးသွားလျှင် မိတ္တူထပ်မံထုတ်ပေးရန် ကုန်သွယ်ရေးဦးစီးဌာနတွင် လျှောက်ထားခွင့်ရှိပါ သည်။ ဆောင်ရွက်မှု အခကြေးငွေအဖြစ် ငွေကျပ် ၃၀၀၀/- ပေးဆောင်စေပြီး၊ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်မှတ်ပုံတင် မိတ္တူများ ထုတ်ပေးမည်ဖြစ်ပါသည်။

ကုမ္ပဏီကိုယ်စားလှယ်ကတ်ထုတ်ပေးခြင်း

၁၅။ ပို့ကုန်သွင်းကုန်လုပ်ငန်းဆိုင်ရာ ရုံးကိစ္စများကို ဆက်သွယ်ဆောင်ရွက်နိုင်ရန်အတွက် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ရရှိထားသည့် ကုမ္ပဏီတစ်ခုလျှင် ကုမ္ပဏီကိုယ်စားလှယ် ကတ် (၅)ခုထိ ထုတ်ပေးနိုင်သည်။

ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များ၏ အကျိုးခံစားခွင့်များ

၁၆။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ရရှိထားသူသည် အောက်ပါအကျိုးခံစားခွင့်များ ရရှိ နိုင်ပါသည် -

(က) ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် ရရှိထားသူသည် ပင်လယ်ရေကြောင်း ၊ လေကြောင်းနှင့် နယ်စပ်ဒေသများ မှတစ်ဆင့် ပုံမှန်ကုန်သွယ်မှု (Conventional Trade ) စနစ်ဖြင့် သော်လည်းကောင်း၊ နယ်စပ်ဒေသများမှတစ်ဆင့် (Border Trade) စနစ်ဖြင့် သော်လည်းကောင်း ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ ပို့ကုန်သွင်းကုန် လုပ်ငန်းများဆောင် ရွက်ခွင့်ရှိသည်။

(ခ) တစ်ဦးချင်းကုန်သွယ်မှု လုပ်ငန်းရှင်များအတွက် သီးခြားထုတ်ပြန်ထားသည့် လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များနှင့်အညီ ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင် ရွက်ခွင့်ရှိသည်။

(ဂ) ပြည်ပမှ တင်သွင်းသော ပစ္စည်းများနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများအရသီးခြားကန့်သတ်ထားသော ကုန်ပစ္စည်း များအား သတ်မှတ်ထား သော စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပြီး ကုန်ပစ္စည်းများကို ပြည် တွင်း၌ကြိုက်နှစ်သက်ရာ အစီအစဉ်ဖြင့် ဖြန့်ဖြူးရောင်း ချ ခွင့်ရှိသည်။

ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း

၁၇။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် အောက်ဖော်ပြပါ အဖွဲ့အစည်း များအား ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်အဖြစ် မှတ်ပုံတင်ခြင်းမှ ကင်းလွတ်ခွင့် ပြုထားပါသည် -၁/

(က) အစိုးရဌာနများ

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

(ဂ) ဥပဒေအရဖွဲ့စည်းထားသော နိုင်ငံတော်ပိုင်ဘဏ်များ

(ဃ) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(င) နေပြည်တော် စည်ပင်သာယာရေး ကော်မတီ

(စ) မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ

**Latest News:**

အပိုင်း (၂) - ကုန်သွယ်မှုလုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

ကုန်သွယ်မှုလုပ်ငန်းများအားကြီးကြပ်ဆောင်ရွက်ခြင်း

၁၈။ ၂၀၁၂ ခုနှစ် ပို့ကုန်သွင်းကုန်ဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန် လုပ်ငန်းများနှင့် စပ်လျဉ်း သော အမိန့်၊ အမိန့်ကြော်ငြာစာ၊ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို လိုအပ်သလို ထုတ်ပြန်၍ ကုန်သွယ်မှု လုပ်ငန်းများ စနစ်တကျရှိစေရန် ကြီးကြပ်ပေးလျက်ရှိပါသည်။ ထို့အပြင် ကုန်သွယ်မှုနှင့် စပ်လျဉ်း၍ အများပြည်သူအား အသိပေးရန်ရှိသည်များကိုအခါအားလျော်စွာ သတင်းလွှာများ ထုတ်ပြန်ဆောင်ရွက် လျက်ရှိပါသည်။

ကုန်စည်ပြပွဲများကျင်းပခြင်းနှင့် ပါဝင်ပြသခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ

၁၉။ မြန်မာနိုင်ငံအနေဖြင့် ဈေးကွက်စီးပွားရေးစနစ်ကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိ ပါသည်။ ယင်းသို့ဆောင်ရွက်နေသည့် အချိန်တွင် အချို့သောဝန်ကြီးဌာနများ ၊ ဌာနဆိုင်ရာအဖွဲ့ အစည်းများ ၊ သမဝါယမအသင်းများ ၊ သံရုံးများ ၊ ကုမ္ပဏီများမှ ကြီးမှူး၍ မြန်မာနိုင်ငံ အတွင်း ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်လျက်ရှိသလို ပြည်ပနိုင်ငံတွင် ကျင်းပသည့် ကုန်စည်ပြပွဲ များသို့ သွားရောက် ခင်းကျင်းပြသမှုများလည်း ပြုလုပ်လျက်ရှိပါသည်။

၂၀။ မြန်မာနိုင်ငံအတွင်း ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်သည်ဖြစ်စေ၊ ပြည်ပနိုင်ငံများ၌ ကျင်းပ ပြုလုပ်သည့် ကုန်စည်ပြပွဲများသို့ သွားရောက်ပြသသည်ဖြစ်စေ၊ ဦးဆောင်ကျင်းပသည့် ဝန်ကြီးဌာန၊ သံရုံး၊ အဖွဲ့အစည်း၊ ကုမ္ပဏီများအနေဖြင့် ကုန်စည်ပြပွဲကျင်းပပြုလုပ်ခွင့်တောင်းခံခြင်း၊ ကုန်ပစ္စည်း များ တင်သွင်းခွင့်/တင်ပို့ခွင့် တောင်းခံခြင်း၊ တင်သွင်းခြင်း ၊ တင်ပို့ခြင်းစသည့်လုပ်ငန်းများ အပါအဝင် ဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်ကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်စေရန်နှင့် သတ်မှတ်ထားသောစည်းမျဉ်း ၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်လျက်ရှိ ပါသည်။

၂၁။ ယခုအခါ နိုင်ငံတော်အစိုးရသစ်သည် မြန်မာနိုင်ငံတွင် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်စေရေးအတွက် ဈေးကွက်များချဲ့ထွင်နိုင်ရန် မြန်မာနိုင်ငံအတွင်း ပြည်ပကုန်စည်ပြပွဲများ လာရောက်ကျင်းပခြင်း ၊ ပြည်ပနိုင်ငံများသို့ ကုန်စည်ပြပွဲများ သွားရောက်ပြသခြင်းများကို တိုးမြှင့်ဆောင်ရွက် လျက်ရှိရာ လက်ရှိဖြစ်ပေါ်ပြောင်းလဲ လာသော အခြေအနေများနှင့် လိုက်လျော ညီထွေဖြစ်စေရန် ဤလုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်ရခြင်းဖြစ်ပါသည်။ ၁/၂

၂၂။ ခွင့်ပြုချက်တောင်းခံခြင်း။ မြန်မာနိုင်ငံအတွင်း ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်သည် ဖြစ်စေ၊ ပြည်ပနိုင်ငံများတွင် ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲများသို့ သွားရောက်ပြသသည်ဖြစ်စေ၊ ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်သည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ (သမဝါယမအသင်း၊ သံရုံး၊ ကုမ္ပဏီ) သည် ကျင်းပပြုလုပ်ခွင့်၊ ပြည်ပသို့ သွားရောက်ပြသခွင့်ကို စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုမိန့်များ တောင်းခံရမည်ဖြစ်ပြီး ခွင့်ပြုချက်များ ရရှိမှသာ ဆောင်ရွက်ကြရန် ဖြစ်ပါသည်။

၂၃။ ကုန်စည်ပြပွဲအမျိုးအစားများ။ မြန်မာနိုင်ငံအတွင်း ကုန်စည်ပြပွဲအမျိုးမျိုး ကျင်းပလျက်ရှိရာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ပြည်ပမှ တစ်နိုင်ငံချင်း လာရောက်ပြသသော ကုန်စည်ပြပွဲ၊

(ခ) ပြည်ပမှ နိုင်ငံစုံ လာရောက်ပြသသော ကုန်စည်ပြပွဲ၊

(ဂ) ပြည်တွင်းနှင့် ပြည်ပပေါင်းစပ်ပြသသော ကုန်စည်ပြပွဲ၊

(ဃ) ပြည်တွင်းကုမ္ပဏီ၊ လုပ်ငန်းရှင်များ စုပေါင်းပြသသော ကုန်စည်ပြပွဲ၊

၂၄။ ပြပွဲခွင့်ပြုမိန့် ရရှိရေးအတွက် အထက်အပိုဒ် ၂၃၊ အပိုဒ်ခွဲ (က)မှ (ဂ)အထိဖော်ပြထားသည့် ပြည်ပမှ လာရောက်ပြသသော ကုန်စည်ပြပွဲများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အချက်အလက် ပြည့်စုံစွာဖြင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ အနည်းဆုံး (၂) လကြိုတင် တင်ပြပြီး ခွင့်ပြုမိန့်များ တောင်းခံကြရန်ဖြစ်ပါသည်။ ထို့အပြင် အပိုဒ်ခွဲ(ဃ) တွင် ဖော်ပြထားသော ပြည်တွင်းကုန်စည်ပြပွဲများကိုမူ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များတွင် ကျင်းပ ခွင့်ရယူကြရန်ဖြစ်ပြီး၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ပြပွဲကျင်းပမည့် အခြေ အနေနှင့် ပြပွဲကျင်းပပြီးနောက် အခြေအနေများကို တာဝန်ယူကျင်းပသည့် အဖွဲ့အစည်း၊ ကုမ္ပဏီ တို့က အစီရင်ခံစာ အကျဉ်းချုပ်ပြုစု တင်ပြကြရန် ဖြစ်ပါသည်။

ခွင့်ပြုမိန့်များထုတ်ပေးခြင်း

၂၅။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်စည်ပြပွဲများကျင်းပပြုလုပ်ခြင်း ဆိုင်ရာကြီးကြပ်မှုကော်မတီကို ဖွဲ့စည်း၍ ကုန်စည်ပြပွဲများကျင်းပခွင့်ကို ခွင့်ပြုမိန့်များ ထုတ်ပေး မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံအတွင်းကုန်စည်ပြပွဲများကျင်းပပြုလုပ်ခြင်း

၂၆။ ကုန်ပစ္စည်းများတင်သွင်းခွင့်လျှောက်ထားခြင်း။ ကုန်စည်ပြပွဲတွင် ခင်းကျင်းပြသရန် အတွက် ပြည်ပမှတင်သွင်းသည့်ပစ္စည်းများကို ယေဘူယျအားဖြင့် (Draw Back) စနစ်ဖြင့်သာ တင်သွင်းခွင့်ပြုပါသည်။ ပြည်တွင်း၌ ပြန်လည်ရောင်းချခွင့်မပြုပါ။ ကုန်စည်ပြပွဲ၌ ရောင်းချလိုပါက ရောင်းချလိုသည့် ပစ္စည်းများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ကြိုတင် ခွင့်ပြုမိန့်များ တင်ပြရမည်ဖြစ်ပြီး ခွင့်ပြုမိန့်များ ရရှိမှသာ ရောင်းချခွင့်ရှိသည်။

၂၇။ ကုန်စည်ပြပွဲကျင်းပမည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများသည် ကုန်စည်ပြပွဲတွင်ခင်းကျင်း ပြသရန်အတွက် ပြည်ပမှ တင်သွင်းသည့် ပစ္စည်းများကို အကြိမ်ကြိမ်အလီလီ တင်ပြခြင်းမပြုဘဲ တစ်ကြိမ်တည်းဖြင့် ကုန်စည်ပြပွဲမကျင်းပမီ အနည်းဆုံးတစ်လ ( တစ်လ ) ကြိုတင် တင်ပြလျှောက် ထားရမည်။

၂၈။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်စည်ပြပွဲတွင် ခင်းကျင်း ပြသမည့် ပစ္စည်းများနှင့် စပ်လျဉ်း၍ သင့်လျော်သည့်ပစ္စည်းအမျိုးအစားနှင့် သင့်လျော်သည့် အရေ အတွက်သာ တင်သွင်းခွင့်ပြုမည်ဖြစ်ပါသည်။

၂၉။ တင်သွင်းခွင့်ပြုခြင်း။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ကုန်စည် ပြပွဲတွင် ခင်းကျင်းပြသရန်အတွက် တင်သွင်းခွင့်လျှောက်ထားသည့် ပစ္စည်းများအား သတ်မှတ် ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ပြီး သင့်လျော်သည့်ပစ္စည်းအမျိုးအမည်နှင့် အရေအတွက်များကို တင်သွင်းခွင့်ပြုမည်ဖြစ်ပါသည်။

၃၀။ တင်သွင်းခြင်း။ ကုန်စည်ပြပွဲတွင် ခင်းကျင်းပြသရန်အတွက် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနက တင်သွင်းခွင့်ပြုသည့် ပစ္စည်းအမျိုးအမည်နှင့် အရေအတွက်များ အတိုင်းသာ တင်သွင်းရမည်ဖြစ်ပါသည်။

၃၁။ ကုန်စည်ပြပွဲတွင် ခင်းကျင်းပြသရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဌာနက တင်သွင်းခွင့်ပြုထားသည့် ပစ္စည်းများအား ပြည်ပမှတင်သွင်းရာတွင် ကုန်စည်ပြပွဲ မကျင်း ပမီ အရောက်တင်သွင်းရမည်။

၃၂။ သွင်းကုန်လိုင်စင်ကြေးကင်းလွတ်ခွင့်ပြုခြင်း။ ကုန်စည်ပြပွဲတွင်ခင်းကျင်းပြသရန်အတွက် တင်သွင်းလာသည့် ကုန်ပစ္စည်းများအပေါ်တွင် သွင်းကုန်လိုင်စင်ကြေး ကောက်ခံခြင်းမှ ကင်းလွတ် ခွင့်ပြုပါသည်။

၃၃။ ရောင်းချခြင်း။ ရောင်းချသည့်ပစ္စည်းများအတွက် ကျသင့်သည့် သွင်းကုန်လိုင်စင်ကြေး၊ အကောက်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များ ၊ ဝင်ငွေခွန်များအား သတ်မှတ်နှုန်းထားများအတိုင်း ပေးချေရမည်။ ကင်းလွတ်ခွင့်တောင်းခံလိုပါက ရှင်းလင်းဖော်ပြချက်ဖြင့် သက်ဆိုင်သည့်ဌာနသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထောက်ခံချက်ဖြင့် တင်ပြတောင်းခံရမည်။

၃၄။ လှူဒါန်းခြင်း။ ကုန်စည်ပြပွဲတွင် ခင်းကျင်းပြသရန်အတွက် တင်သွင်းလာသည့် ပစ္စည်းများအနက်မှ အောက်ဖော်ပြပါအဖွဲ့အစည်းများသို့ လှူဒါန်းလိုပါက စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၏ အတည်ပြုခွင့်ပြုမိန့်ဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာပြည်အတွင်းရှိ ဘာသာရေးအဖွဲ့အစည်းများ

(ခ) လူမှုရေးအဖွဲ့အစည်းများ

(ဂ) အစိုးရဌာနအဖွဲ့အစည်းများ

၃၅။ ဆိပ်ကမ်းအတွင်းမှ ရှင်းလင်းထုတ်ယူခြင်းနှင့် ပြန်လည်တင်ပို့ခြင်း။ ကုန်စည်ပြပွဲကို တာဝန်ခံကျင်းပမည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများအနေဖြင့် ကုန်စည်ပြပွဲတွင် ခင်းကျင်းပြသရန်အတွက် ပြည်ပမှတင်သွင်းလာသည့် ပစ္စည်းများအား ဆိပ်ကမ်းအတွင်းမှ ရှင်းလင်းထုတ်ယူခြင်း၊ ပြပွဲပြီးဆုံးသည့်အခါ ပြန်လည်တင်ပို့ခြင်းလုပ်ငန်းများကို အဖွဲ့အစည်း တစ်ခုခုအား သီးခြားတာဝန်ပေးအပ်ရန်နှင့် ယင်းတာဝန် ပေးအပ်သည့် အဖွဲ့အစည်းကပင် တာဝန်ယူ ဆောင်ရွက်သွားရန် ဖြစ်ပါသည်။

၃၆။ တင်သွင်းခြင်း ၊ တင်ပို့ခြင်း။ ကုန်စည်ပြပွဲတွင် ခင်းကျင်းပြသသည့် ပစ္စည်းများအား တင်သွင်းခြင်း ၊ ပြပွဲပြီးဆုံးသည့်အခါ ပြန်လည်တင်ပို့ခြင်းများကို မူလခွင့်ပြုမိန့်ပါ စည်းမျဉ်း စည်းကမ်းများနှင့်အညီ သွင်းကုန်လိုင်စင် ၊ ပို့ကုန်လိုင်စင် လျှောက်ထားရန်မလိုဘဲ တင်သွင်းခွင့် တင်ပို့ခွင့်ပြုပါသည်။

## ပြည်ပနိုင်ငံများတွင် ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲများသို့ သွားရောက်ပြသခြင်း

၃၇။ ပြည်ပနိုင်ငံများတွင်ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲများကို သွားရောက်ပြသရန် တာဝန်ယူ ဆောင်ရွက်သည့် ကုန်စည်ပြပွဲများကျင်းပပြုလုပ်ခြင်းဆိုင်ရာကြီးကြပ်မှုကော်မတီ (သို့မဟုတ်) သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သည် သွားရောက်ပြသမည့် ကုန်ပစ္စည်းအမျိုးအမည်၊ အရေအတွက် နှင့်တန်ဖိုးများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ အနည်းဆုံးတစ်လ (တစ်လ) ကြိုတင်၍ တင်ပြ လျှောက်ထားရန် ဖြစ်ပါသည်။

၃၈။ သွားရောက်ပြသမည့်ပစ္စည်းများအား လျှောက်ထားရာတွင်လည်း ပြည်ပဈေးကွက်တွင် အမယ်သစ်အနေဖြင့် ဈေးကွက်ရရှိနိုင်သည့်ပစ္စည်းများနှင့် ပြည်ပဈေးကွက်က စိတ်ဝင်စားသည့် မြန်မာ့ပို့ကုန် များကို ရွေးချယ်လျှောက်ထားရန်ဖြစ်ပါသည်။

၃၉။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပြည်ပသို့ သွားရောက်ပြသခွင့် လျှောက်ထားသည့်ပစ္စည်းများအား သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ပြီး သင့်လျော်သည့် ပစ္စည်း အမျိုးအမည်နှင့် အရေအတွက်ကို တင်ပို့ခွင့်ပြုမည်ဖြစ်ပါသည်။ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနက တင်ပို့ခွင့်ပြုသည့်ပစ္စည်းအမျိုးအမည် ၊ အရေအတွက်များအတိုင်းသာ တင်ပို့ ရန်ဖြစ်ပါသည်။ ပိုမိုတင်ပို့ခွင့်မပြုပါ။

ထို့အပြင် ခွင့်ပြုချက်မရမီ ကြိုတင် တင်ပို့ခြင်းကိုလည်း ခွင့်မပြုပါ။ ပြည်ပ ကုန်စည်ပြပွဲများသို့ သွားရောက်ပြသသည့်ပစ္စည်းများအား ကုန်စည်ပြပွဲ မကျင်းပ မီ အရောက်ကြိုတင်၍ တင်ပို့ရန်ဖြစ်သည်။

၄၀။ ပြည်ပကုန်စည်ပြပွဲများသို့ သွားရောက်ပြသသည့် ပစ္စည်းများအား ဝယ်လိုသူများရှိပါက ရောင်းချ ခွင့်ပြုပါသည်။ ရောင်းချရရှိသည့်နိုင်ငံခြားငွေများကို ဘဏ္ဍာဘာရေးဝန်ကြီးဌာန၏ နိုင်ငံခြား ငွေဆိုင်ရာလုပ်ထုံး လုပ်နည်းနှင့်အညီဆောင်ရွက်ရမည်။

၄၁။ ကုန်စည်ပြပွဲပြီးဆုံးသည့်အခါ ကျန်သည့်ပစ္စည်းများအား မြန်မာပြည်သို့ သတ်မှတ်ထားသော ကာလ အတွင်း အရောက်ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၄၂။ ပြည်ပနိုင်ငံများတွင် ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲများသို့ သွားရောက်ပြသသည့် ကုန် ပစ္စည်းများအား မြန်မာနိုင်ငံသို့ ပြန်လည်တင်သွင်းလာသည့်အချိန်တွင် သွင်းကုန်လိုင်စင်ကြေး ကောက်ခံခြင်းမှ ကင်းလွတ် ခွင့်ပြုပါသည်။

၄၃။ ပြည်ပနိုင်ငံများတွင် ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲများသို့ သွားရောက်ပြသသည့် ကုန်ပစ္စည်းများအား မူလခွင့်ပြုထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ပို့ကုန်သွင်းကုန် လိုင်စင်လျှောက်ထားရန် မလိုဘဲ တင်ပို့ခွင့်၊ ပြပွဲပြီးဆုံးသည့်အခါ ပြန်လည်တင်သွင်းခွင့်ပြုပါသည်။

၄၄။ မြန်မာနိုင်ငံအတွင်း ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲများတွင်ဖြစ်စေ၊ ပြည်ပနိုင်ငံများတွင် ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲများတွင်ဖြစ်စေ ခင်းကျင်းပြသသည့် ပစ္စည်းများအား တင်သွင်း ခြင်း ၊ တင်ပို့ခြင်း ၊ ကုန်စည်ပြပွဲများ ခင်းကျင်းပြသခြင်းများပြုရာတွင် သက်ဆိုင်ရာ ကုန်စည် ပြပွဲကျင်းပမည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကုမ္ပဏီများသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ အခါအားလျော်စွာ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်း များကို လိုက်နာဆောင်ရွက်ရန်ဖြစ်ပါသည်။

အထွေထွေခွင့်ပြုမိန့်ဖြင့် တင်သွင်း/ တင်ပို့ခွင့်ပြုခြင်း

၄၅။ ပြည်တွင်း၌ ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲများအတွက် ပြသမည့် ကုန်ပစ္စည်းများ တင်သွင်းခွင့်ပြုရန်အတွက် လည်းကောင်း၊ ပြည်ပနိုင်ငံများ၌ ကျင်းပပြုလုပ်သည့် ကုန်စည်ပြပွဲ များသို့ သွားရောက်ပြသမည့် မြန်မာ့ထုတ်ကုန်ပစ္စည်းများ တင်ပို့ခွင့်ပြုရန်အတွက်လည်းကောင်း ကုန်ပစ္စည်း အလိုက်ဈေးနှုန်း မှန်ကန်ရေး၊ သတ်မှတ်ထားသောလုပ်ထုံးလုပ်နည်း စည်းကမ်းများ ကိုက်ညီရေးတို့အတွက် စနစ်တကျဆောင်ရွက်ရန် ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်ခြင်းဆိုင်ရာ ကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပါသည်။ သို့ဖြစ်ရာ လုပ်ငန်းရှင်များက ပြသခွင့်ပြုရန် တင်ပြလာသည့် ကုန်ပစ္စည်းများအား ကုန်စည်ပြပွဲများ ကျင်းပပြုလုပ်ခြင်း ဆိုင်ရာ ကြီးကြပ်မှုကော်မတီက ကြိုတင်စိစစ်ပြီးမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသို့ ဆက်လက်တင်ပြပြီး ခွင့်ပြုချက်နှင့်အညီ တင်ပို့တင်သွင်းပြသခွင့် ပြုပါမည်။

Cash Memo ဖြင့် တင်ပို့ခွင့်ပြုခြင်း

၄၆။ ဘဏ္ဍာဘာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ( ၂၂ -၉-၂၀၀၀ ) ရက်စွဲပါ စာအမှတ် ( အက်ဖ်အီး -၁၀/ ၀၃၃၇ ) နှင့် (၈ -၁၂ -၂၀၀၂) ရက်စွဲပါစာအမှတ် (အက်ဖ်အီး -၁၀/ ၆၂၁)တို့အရ သမဝါယမဝန်ကြီး ဌာန၏ ကြီးကြပ်မှုဖြင့် ကမ္ဘာလှည့်ခရီးသည်များအား အမှတ်တရပစ္စည်းများ ရောင်းချပေးသော အရောင်းဆိုင်တို့အား သမဝါယမဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် သမဝါယမဝန်ကြီးဌာနမှ ထုတ်ပေး သည့် တစ်စောင်လျှင် US$ 1000

ထက်မပိုသော ကုန်ရောင်းပြေစာ (Cash Memo ) ကို (Export Permit ) ပို့ကုန်ခွင့်ပြုချက်အဖြစ် သတ်မှတ်၍ တင်ပို့ခွင့်ပြုပါသည်။

ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုခြင်း

၄၇။ ကုန်သွယ်မှုအရ ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်ခြင်းကို ပို့ကုန်သွင်းကုန်လုပ်ငန်း ရှင်မှတ်ပုံတင် ရရှိပြီးဖြစ်သည့်ကုမ္ပဏီ၊ ဖက်စပ်၊ သမဝါယမအသင်းလီမိတက်နှင့် အစိုးရအဖွဲ့ အစည်းများ၊ တစ်ဦးချင်း ကုန်သွယ်မှုလုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် ရရှိပြီးသူများသာ ဆောင်ရွက်ခွင့်ပြုပါသည်။ တင်ပို့တင်သွင်းမည့် ခွင့်ပြုချက်ရယူရန်လိုအပ်သော ကိစ္စရပ်တစ်ခုချင်း အတွက် ပို့ကုန်သွင်းကုန် လိုင်စင်/ပါမစ်ခွင့်ပြုချက် ရရှိပြီးမှသာ တင်ပို့တင်သွင်းခွင့်ရှိသည်။

၄၈။ ကုန်သွယ်ရေးဦးစီးဌာနတွင် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်အဖြစ် မှတ်ပုံတင်ထားသည့် လုပ်ငန်းရှင် များသည် တင်ပို့/တင်သွင်းမည့်ကုန်ပစ္စည်းများအတွက် လိုင်စင်လိုအပ်ပါက ကုန်သွယ် ရေးဦးစီးဌာန ရုံးချုပ် ၊ နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ ပို့ကုန် သွင်းကုန်ရုံးများတွင် ပို့ကုန်သွင်း ကုန် လိုင်စင်လျှောက်ထားရယူ၍လည်းကောင်း၊လိုင်စင်မလိုအပ်သည့်ပစ္စည်းများအတွက် အကောက်ခွန်ဦးစီးဌာနတွင် အကောက်ခွန်ပို့ကုန်ကြေညာလွှာ (ED) ၊ အကောက် ခွန်သွင်းကုန်ကြေညာလွှာ (ID) ရယူ၍လည်းကောင်း သတ်မှတ်လုပ်ထုံးလုပ်နည်း နှင့်အညီ လျှောက်ထား နိုင်သည်။

ကုန်သွယ်မှုနည်းလမ်းများ

၄၉။ ပို့ကုန်/သွင်းကုန်လုပ်ငန်းများဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ ကုန်သွယ်မှုနည်းလမ်း (၂) မျိုးဖြင့် ဆောင်ရွက်ခွင့်ပြုပါသည် -

(က) ပုံမှန်ကုန်သွယ်မှုနည်းလမ်း(Conventional Trade)။ နိုင်ငံတကာအဖွဲ့အစည်း များမှ သဘောတူသတ်မှတ်ထားသည့် ကုန်သွယ်မှုစနစ်၊ ဘဏ်လုပ်ထုံးလုပ်နည်း စနစ်များနှင့်အညီ တင်ပို့ခြင်း၊ တင်သွင်းခြင်းကိုဆိုသည်။

(ခ) နယ်စပ်ကုန်သွယ်မှုနည်းလမ်း (Border Trade) ။ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသော အိမ်နီးချင်းနိုင်ငံတစ်ခုခုနှင့် နယ်နိမိတ်ကို ဖြတ်ကျော်၍ သတ်မှတ် ခွင့်ပြုထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ကုန်ပစ္စည်းများ တင်ပို့ခြင်း၊ တင်သွင်းခြင်းကိုဆိုသည်။

တင်ပို့တင်သွင်းရာတွင် သုံးစွဲခွင့်ပြုသည့် ငွေကြေးအမျိုးအစားများ

၅၀။ ပုံမှန်ကုန်သွယ်မှုနည်းလမ်းဖြင့် တင်ပို့တင်သွင်းရာတွင် သက်ဆိုင်ရာဘဏ်များမှတစ်ဆင့် ကုန်ပစ္စည်းတန်ဖိုးကို ပေးချေရာ၌ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ခွင့်ပြုထားသည့် ငွေကြေးအမျိုး အစားဖြင့် ပေးချေဆောင်ရွက်ခွင့်ပြုသည်။

၅၁။ နယ်စပ်ကုန်သွယ်မှုနည်းလမ်းဖြင့် တင်ပို့/တင်သွင်းရာတွင် ကုန်ပစ္စည်းတန်ဖိုးကိုပေးချေရာ၌ နယ်စပ်ဒေသအလိုက် အောက်ပါအတိုင်း ငွေကြေးအမျိုးအစားများဖြင့် ပေးချေဆောင်ရွက် ခွင့်ပြု သည်-

(က) မြန်မာ-တရုတ်နယ်စပ် -(ကျပ် ၊ ယွမ် ၊ ဒေါ်လာ) နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ခွင့်ပြုသည့် ငွေကြေးအမျိုးအစား

( ခ ) မြန်မာ-ထိုင်းနယ်စပ် -(ကျပ် ၊ ဘတ် ၊ ဒေါ်လာ) နှင့် မြန်မာနိုင်ငံတော်ဗဟို ဘဏ်က ခွင့်ပြုသည့် ငွေကြေးအမျိုးအစား

( ဂ ) မြန်မာ-အိန္ဒိယနယ်စပ် -(ကျပ် ၊ ရူပီး၊ ဒေါ်လာ) နှင့် မြန်မာနိုင်ငံတော်ဗဟို ဘဏ်က ခွင့်ပြုသည့် ငွေကြေးအမျိုးအစား

(ဃ) မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ် ဒေါ်လာနှင့်မြန်မာ နိုင်ငံတော်ဗဟိုဘဏ်က ခွင့်ပြုသည့်ငွေကြေး အမျိုးအစား ၊ ကျပ်ငွေကြေး (သီးခြားဆောင် ရွက်ခွင့်ပြုထားသည့် ပို့ကုန်၊ သွင်းကုန်ပစ္စည်း များအတွက်)

ပြည်ပသို့တင်ပို့ခွင့်ပြုသည့် ကုန်ပစ္စည်းများ

၅၂။ နိုင်ငံတကာအဖွဲ့အစည်းများ၏ သဘောတူညီချက်ဖြင့် တားမြစ်ပိတ်ပင်ထားသော ပစ္စည်းများ၊ နိုင်ငံတော်မှ အခါအားလျော်စွာ တင်ပို့ခွင့်မပြုသောပစ္စည်းများနှင့် အမိန့်ကြော်ငြာစာထုတ်ပြန် ထားသည့် ပစ္စည်းများမှအပ ကျန်ပစ္စည်းများကို တင်ပို့ခွင့်ပြုပါသည်။

ပြည်ပမှ တင်သွင်းခွင့်ပြုသည့်ကုန်ပစ္စည်းများ

၅၃။ နိုင်ငံတကာအဖွဲ့အစည်းများ၏ သဘောတူညီချက်ဖြင့် တားမြစ်ပိတ်ပင်ထားသော ပစ္စည်း များ၊နိုင်ငံတော်မှ အခါအားလျော်စွာ တင်သွင်းခွင့်မပြုသော ပစ္စည်းများနှင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်ထား သည့် ပစ္စည်းများမှအပ ကျန်ပစ္စည်းများကို တင်သွင်းခွင့်ပြုပါသည်။

လိုင်စင်လျှောက်ထားရယူရန်လိုအပ်သည့် တင်သွင်းခွင့်ပြုသည့်ပစ္စည်းများ

၅၄။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၁၉-၂-၂၀၁၄ ရက်နေ့ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ (၁၁/၂၀၁၄) အရ ပို့ကုန်လိုင်စင် ရယူရန် မလိုဘဲ တင်ပို့ ခွင့်ပြုထားသည့် H.S Code လိုင်းပေါင်း (၉၈၃)လိုင်းအား ခွင့်ပြုခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) နှင့် ASEAN အဖွဲ့ဝင်နိုင်ငံဖြစ်သည့် အားလျော်စွာ WTO ၏ Agreement on Import Licensing Procedures အရလည်းကောင်း၊ အာဆီယံနိုင်ငံများတွင် ကျင့်သုံးလျက်ရှိသော လုပ်နည်းများအရလည်းကောင်း လိုက်လျောညီထွေဖြစ်ရန်အတွက် မြန်မာ နိုင်ငံ၏ HS Code 2012 Version အရ ကုန်စည်လိုင်းပေါင်း (၄၄၀၅) လိုင်းအား သွင်းကုန် လိုင်စင်လျှောက်ထားရန်လိုအပ်သည့် ကုန်စည်စာရင်း (Negative List) အဖြစ် ဝန်ကြီးရုံး၏ ၂၇-၇-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၁၅) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။ အသေးစိတ်စာရင်းအား www.commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှု (Transit Trade)

၅၅။ တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှု (Transit Trade) စနစ်ဖြင့် ဆောင်ရွက်ရာတွင် အောက်ပါ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ရမည်- ၁/

(က) နိုင်ငံသားပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များသာ တစ်ဆင့်ဖြတ်သန်း ကုန်သွယ်မှု (Transit Trade) စနစ်ဖြင့် ဆောင်ရွက်ခွင့်ပြုသည်။

( ခ ) တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှု (Transit Trade) လုပ်ငန်းဆောင်ရွက်မည့်ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်သည် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုလုပ်ငန်းကို တရားဝင်လုပ်ကိုင် ဆောင်ရွက်ခွင့်ရရှိပြီး ဖြစ်ရမည်။

( ဂ ) မြန်မာနိုင်ငံအား ဖြတ်သန်း၍ အိမ်နီးချင်းနိုင်ငံ (သို့မဟုတ်) မည်သည့်နိုင်ငံနှင့်မဆို ဆောင်ရွက်ခွင့်ပြုသည်။

(ဃ) တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှု (Transit Trade) စနစ်ဖြင့် ဆောင်ရွက်သည့် ကုန်ပစ္စည်းသည်မြန်မာနိုင်ငံ ၊ ကုန်ရောင်းသူနှင့် ကုန်လက်ခံသူနိုင်ငံက တင်ပို့/ တင်သွင်း ခွင့်ပြုသည့် ကုန်ပစ္စည်းများ ဖြစ်ရမည်။

( င ) တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှု (Transit Trade) စနစ်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းရပ်တစ်ခုချင်းအတွက် နိုင်ငံသားလုပ်ငန်းရှင်က ကြိုတင်လိုင်စင် လျှောက်ထားပြီး ခွင့်ပြုချက်ရရှိပြီးမှတင်သွင်း တင်ပို့ရမည်။ လိုင်စင်အား ကုန်သွယ်ရေးဦးစီးဌာန တွင် လျှောက်ထားရမည်။

( စ ) ကုန်ရောင်းသူ (သို့မဟုတ်) ကုန်လက်ခံသူမှ မြန်မာနိုင်ငံသားလုပ်ငန်းရှင်ထံသို့ တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှု (Transit Trade) လုပ်ငန်းအတွက် တရားဝင် လုပ်ငန်းအပ်နှံသည့် အထောက်အထား (Contract/ Agreement) နှင့် ကုန်ရောင်း သူနိုင်ငံမှ တင်ပို့ခွင့် လိုင်စင်/ ပါမစ်၊ ကုန်လက်ခံသူနိုင်ငံမှ တင်သွင်းခွင့်လိုင်စင်/ ပါမစ်များကို တင်ပြရမည်။

(ဆ) ကုန်ပစ္စည်းများအတွက် စီမံခန့်ခွဲခကြေးကို သတ်မှတ်ထားသည့်အတိုင်း (Transit Trade) လုပ်ငန်းဆောင်ရွက်မည့် နိုင်ငံသားလုပ်ငန်းရှင်မှ တရားဝင်ပေးချေရမည်။

( ဇ ) ကုန်ပစ္စည်းများအတွက် ကျသင့်သည့် သယ်ယူပို့ဆောင်ခ၊ ကော်မရှင်ခနှင့် အခြား စရိတ်များအတွက် (Transit Trade) လုပ်ငန်းဆောင်ရွက်မည့် နိုင်ငံသားလုပ်ငန်းရှင် ထံသို့ လုပ်ငန်းအပ်နှံသူက မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်လက်ခံသော ငွေကြေးအမျိုးအစားဖြင့် သတ်မှတ်ခွင့်ပြုသည့် နည်းလမ်းများအတိုင်း ကြိုတင်ပေး ချေရမည်။

( ဈ ) တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှု (Transit Trade) လုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုချက်ရရှိပြီးသည့် ကုန်ပစ္စည်း ဆိပ်ကမ်း/နေရာတစ်ခုခုသို့ တင်သွင်းရောက်ရှိသည်မှ တင်ပို့ပေးရမည့် ဆိပ်ကမ်း/နေရာသို့ သတ်မှတ်ကာလအတွင်း အရောက်တင်ပို့ရ မည်။ မြန်မာနိုင်ငံအတွင်း ဆိုင်းငံ့သိုလှောင်ထိန်းသိမ်းထားခြင်းကို ခွင့်မပြုပါ။

(ည) ကုန်ပစ္စည်းများ ဖြတ်သန်းသယ်ဆောင်မည့် ပို့ဆောင်မှုနည်းလမ်းများနှင့် ခရီးလမ်းကြောင်းကို ကြိုတင်တင်ပြရမည်ဖြစ်ပြီး သတ်မှတ်ခွင့်ပြုသည့် လမ်းကြောင်း၊ ပို့ဆောင်မှုနည်းလမ်းနှင့်သာ ဖြတ်သန်းသယ်ယူခွင့်ပြုသည်။

( ဋ ) မြန်မာနိုင်ငံအား ဖြတ်သန်းသယ်ပို့သည့် ကုန်ပစ္စည်းများကို အလုံးစုံ အာမခံထားရှိပြီးဖြစ်ရမည်။ အကယ်၍ အလုံးစုံ အာမခံမပါရှိသေးပါက မြန်မာ့အာမခံလုပ်ငန်း တွင် လုပ်ငန်းအပ်နှံသူ၏စရိတ်ဖြင့် လိုအပ်သည့် အာမခံများထားရှိရမည်။

( ဌ ) အကြောင်းအမျိုးမျိုးကြောင့် တစ်ဖက်နိုင်ငံမှ ကုန်ပစ္စည်းများကို လက်ခံခြင်းမပြုပါ က လုပ်ငန်းအပ်နှံသူ၏ စရိတ်ဖြင့် ကုန်တင်ပို့သူထံ ပြန်လည်တင်ပို့ရမည်။

(ဍ) တည်ဆဲဥပဒေများအရ တားမြစ်ကန့်သတ်ထားသော ကုန်ပစ္စည်း ၊ အမိန့်ညွှန်ကြား ချက်ဖြင့် ကန့်သတ်ထားသောကုန်ပစ္စည်းများနှင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ နှင့် ပြည်ပဈေးကွက်ကို တိုက်ရိုက်ထိခိုက်စေသော ပစ္စည်းများမှအပ ကျန်ပစ္စည်း များကို ဆောင်ရွက်ခွင့်ပြုပါသည်။

၅၆။ တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှု (Transit Trade) စနစ်ဖြင့် လိုင်စင် လျှောက်ထားရာတွင် အောက်ပါစည်းကမ်းချက်များအတိုင်း လျှောက်ထားရမည် ဖြစ်သည်-

(က) အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ ကုမ္ပဏီမှတ်ပုံတင်။

(ခ) ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဦးစီးဌာန၏ ဝန်ဆောင်မှု လုပ်ငန်းမှတ်ပုံတင်။

(ဂ) အပြည်ပြည်ဆိုင်ရာ ကုန်စည်ပို့ဆောင်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းရှင်များ အသင်းဝင်မှတ်ပုံတင်။

(ဃ) ထောက်ခံချက်လိုအပ်သောပစ္စည်းများအတွက် သက်ဆိုင်ရာဌာန၏ ထောက်ခံချက်။

စံချိန်စံညွှန်းသတ်မှတ်ချက်ဖြင့် တင်သွင်းခွင့်ပြုသည့်ပစ္စည်းများ

၅၇။ ပြည်ပမှတင်သွင်းသည့်ပစ္စည်းများကို သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများက စံချိန် စံညွှန်းများ သတ်မှတ်ထားပါက ယင်းသတ်မှတ်သည့် စံချိန်စံညွှန်းများအတိုင်းသာ တင်သွင်းရမည် ဖြစ်ပါသည်။

ပုံမှန်ကုန်သွယ်မှုနည်လမ်းဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းများဆောင်ရွက်ခြင်း

၅၈။ ပုံမှန်ကုန်သွယ်မှုနည်းလမ်း (Conventional Trade)ဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းများကို အောက်ဖော်ပြပါအတိုင်း ဆောင်ရွက်ခွင့်ပြုပါသည် -

(က) ပင်လယ်ရေကြောင်းမှ တင်ပို့တင်သွင်းခြင်း

(ခ) လေကြောင်းမှ တင်ပို့တင်သွင်းခြင်း

(ဂ) နယ်စပ်ဒေသများမှ တင်ပို့တင်သွင်းခြင်း

ပုံမှန်ကုန်သွယ်မှုဖြင့် တင်ပို့ခွင့်ပြုသည့် နည်းလမ်းများ

၅၉။ ပုံမှန်ကုန်သွယ်မှုနည်းလမ်းဖြင့် တင်ပို့ခွင့်ပြုရာတွင် ပို့ကုန်ပစ္စည်းများအတွက် တင်ပို့သည့် နည်းလမ်း (Method of Export) ကို အောက်ပါအတိုင်း ဆောင်ရွက်ခွင့်ပြုပါသည်-

(က) ငွေလွှဲစာတမ်းဖွင့်လှစ်ခြင်း( Normal L/C, TT )

( ခ )  ပို့ကုန်ပါမစ်

( ဂ ) လက်ခစားစနစ်  (Contract Manufacturing Process CMP)

( ဃ)   Payment in Kind

( င )   Draw Back

( စ )   Transit Trade

( ဆ)   Account Trade

( ဇ )   Counter Trade

( ဈ)   Re - Export

( ည ) အခြားနည်းလမ်းများ

ပုံမှန်ကုန်သွယ်မှုနည်းလမ်းဖြင့် ပို့ကုန်လုပ်ငန်းဆောင်ရွက်ခြင်း
ပို့ကုန်လိုင်စင်လျှောက်ထားခြင်း

၆၀။ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များသည် ပို့ကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သည့် ကုန်စည် များအတွက် ပို့ကုန်လိုင်စင်ခွင့်ပြုချက်ရရှိမှသာ ကုန်ပစ္စည်းများ တင်ပို့ခွင့်ရှိပါသည်။ ပုံမှန် ကုန်သွယ်မှု (Conventional Trade) ဖြင့် ဆောင်ရွက်သည့် ပို့ကုန်လိုင်စင် လျှောက်ထားခြင်းကို တင်ပို့မည့် အောက်ဖော်ပြပါ နည်းလမ်းအလိုက် ကုန်သွယ်ရေးဦးစီးဌာနတွင် လျှောက်ထားနိုင်ပါ သည်-

(က)  ပင်လယ်ရေကြောင်းမှ တင်ပို့ခြင်း

( ခ)  လေကြောင်းမှတင်ပို့ခြင်း

( ဂ)  နယ်စပ်ဒေသများမှတစ်ဆင့် တင်ပို့ခြင်း

၆၁။ ပို့ကုန်လိုင်စင်များကို UN Layout ပုံစံဖြင့် ခွင့်ပြုပေးလျက်ရှိပြီး ပို့ကုန်လိုင်စင်နမူနာပုံစံမှာ နောက်ဆက်တွဲပါအတိုင်း ဖြစ်ပါသည်။ နောက်ဆက်တွဲ(ခ)

ပို့ကုန်လိုင်စင်သက်တမ်း

၆၂။ ပို့ကုန်လိုင်စင်သက်တမ်းကို လိုင်စင်ထုတ်ပေးသည့်နေ့မှစ၍ (၃) လထိ သက်တမ်း သတ်မှတ် ခွင့်ပြုထုတ်ပေးပါသည်။ လိုင်စင်သက်တမ်းတိုးခြင်းကို ပထမအကြိမ် (၂)လ၊ ဒုတိယအကြိမ် (၁) လ သက်တမ်းတိုး ခွင့်ပြုပေးမည်ဖြစ်ပါသည်။

ပို့ကုန်လိုင်စင်ပြင်ဆင်ခြင်း

၆၃။ ပို့ကုန်လိုင်စင် ပြင်ဆင်ခွင့်လျှောက်ထားခြင်းကို လိုင်စင်သက်တမ်းကာလအတွင်း ကုန်ပစ္စည်းတင်ပို့ခြင်းမပြုမီ ကြိုတင်တင်ပြ လျှောက်ထားရမည်ဖြစ်ပါသည်။ သက်တမ်းကုန်ဆုံး ပြီးမှ အမှန်တင်ပို့သည့် ပမာဏတန်ဖိုး ပြင်ဆင်ခွင့် လျှောက်ထားခြင်းကို လျှောက်ထားသည့် အချိန်ကာလကို မူတည်၍ အောက်ဖော်ပြပါ ပြင်ဆင်ကြေးများနှင့် ဒဏ်ကြေးများ ပေးဆောင်ရမည်။

တန်ဖိုး - ကျပ်

| စဉ် | စဉ်အကြောင်းအရာ | သွင်းကုန်လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် | | |
|---|---|---|---|---|
| | | (၁)လအတွင်း လျှောက်ထားခြင်း | (၁)လမှ (၃)လ အတွင်းလျှောက်ထားခြင်း | (၃)လမှ(၆)လအတွင်းလျှောက်ထားခြ |
| ၁ | ပြင်ဆင်ကြေး | ၃၀၀၀ | ၃၀၀၀ | ၃၀၀၀ |
| ၂ | ဒဏ်ကြေး | - | ၅၀၀ | ၁၀၀၀ |

ပို့ကုန်လိုင်စင်များ ပြန်လည်အပ်နှံခြင်း / ပယ်ဖျက်ခြင်း

၆၄။ ပို့ကုန်လိုင်စင်များအား အကြောင်းအမျိုးမျိုးကြောင့် တင်ပို့ခြင်း မပြုနိုင်လျှင် သက်ဆိုင်ရာ ဌာနသို့ မပျက်မကွက် ပြန်လည်အပ်နှံရမည်။ သို့သော်လည်း ပို့ကုန်လိုင်စင်အပ်နှံကြေးပေးဆောင် ရန်မလိုပါ။ ၁/

ပို့ကုန်လိုင်စင်မိတ္တူထုတ်ပေးခြင်း

၆၅။ ထုတ်ပေးထားသည့် ပို့ကုန်လိုင်စင်ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်းကြောင့် မိတ္တူအသစ်ရယူ လိုပါက ဆောင်ရွက်မှုအခကြေးငွေ ကျပ် ၅၀၀၀ ပေးဆောင်ပြီး ပို့ကုန်လိုင်စင်မိတ္တူ လျှောက်ထား ရယူနိုင်ပါသည်။ ၂/

ပို့ကုန်လိုင်စင်ကြေး

၆၆။ ပို့ကုန်အားလုံးအပေါ်တွင် ပို့ကုန်လိုင်စင်ကြေး ကောက်ခံခြင်းမရှိပါ။ ၃/

ပို့ကုန်လိုင်စင် / ပါမစ်လျှောက်ထားရယူရန်မလိုဘဲ တင်ပို့ခွင့်ပြုသည့် ကုန်ပစ္စည်းများ

၆၇။ ကုန်သွယ်ရေးဝန်ကြီးဌာန၏ ၁-၁-၁၉၉၁ ရက်စွဲပါအမိန့်အမှတ် ၁/၉၁ ဖြင့် ပို့ကုန်လိုင်စင် လျှောက်ထားရယူရန်မလိုဘဲ ပြည်ပသို့တင်ပို့ခွင့်ပြုသည့် ကုန်ပစ္စည်းများကို သတ်မှတ်ခဲ့ပါသည်။

နောက်ဆက်တွဲ(ဂ)

ပြည်ပသို့ အခမဲ့တင်ပို့မည့် နမူနာပစ္စည်းများနှင့် ကြော်ငြာပစ္စည်းများ

၆၈။ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ၁၁-၉-၂၀၁၃ ရက်စွဲပါ ပို့ကုန်သွင်းကုန်နှင့် ပတ်သက် သော သတင်းလွှာ ၆/၂၀၁၃ ဖြင့် ပို့ကုန်လိုင်စင် /ပါမစ် ရယူရန်မလိုဘဲ ပြည်ပသို့ အခမဲ့တင်ပို့သည့် နမူနာပစ္စည်းများနှင့် ကြော်ငြာပစ္စည်းများအား အမေရိကန်ဒေါ်လာ (၅၀၀) ထက်မပိုသည့် တန်ဖိုးသာ တင်ပို့ခွင့်ပြုမည် ဖြစ်ပါသည်။

စာတိုက်မှ တစ်ဆင့် ချောထုပ်များ ပြည်ပသို့ပေးပို့ခွင့်ပြုခြင်း

၆၉။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအောက်ရှိ စာတိုက်ကြီးမှတစ်ဆင့် ပြည်ပသို့သွားရောက်သည့် မြန်မာနိုင်ငံသားအတွက် အစားအစာ ၊ ဆေးဝါးနှင့် အသုံးအဆောင်ပစ္စည်းများကို အလေးချိန် (၂၂) ပေါင်အထိ ပို့ကုန်ပါမစ် ရယူရန်မလိုဘဲ တင်ပို့နိုင်ပါသည်။၁/

ပုံမှန်ကုန်သွယ်မှုဖြင့် တင်သွင်းခွင့်ပြုသည့် နည်းလမ်းများ

၇၀။ ပုံမှန်ကုန်သွယ်မှုနည်းလမ်းများဖြင့် တင်သွင်းခွင့်ပြုရာတွင် သွင်းကုန်ပစ္စည်းများအတွက် တင်သွင်းသည့် နည်းလမ်း (Method of Import) ကို အောက်ပါအတိုင်း ဆောင်ရွက်ခွင့်ပြုပါသည်-

(က) ငွေလွှဲစာတမ်းဖွင့်လှစ်ခြင်း( Normal L/C, TT )

( ခ) သွင်းကုန်ပါမစ်

( ဂ) အခမဲ့တင်သွင်းခြင်း (FOC)

(ဃ) လက်ခစားစနစ် (Contract Manufacturing Process CMP)

( င ) Payment in Kind

( စ) Capital in Kind

( ဆ) Loan in Kind

( ဇ ) Draw Back

( ဈ ) Transit Trade

( ည) Account Trade

( ဋ ) Counter Trade

( ဌ ) Consignment Basic

(ဍ) Re - Export

(ဎ) အခြားနည်းလမ်းများ

၇၁။ တင်ပို့တင်သွင်းခွင့်ပြုသည့် နည်းလမ်းများနှင့် ပတ်သက်၍အောက်ပါအတိုင်း ရှင်းလင်းဖော်ပြ အပ်ပါသည်-

(က) ငွေလွှဲစာတမ်းဖွင့်လှစ်သည့်နည်းလမ်း( Normal LC, TT )

အပြည်ပြည်ဆိုင်ရာ ဘဏ်လုပ်ထုံးလုပ်နည်းများနှင့်အညီ ဘဏ်များမှ တဆင့် နိုင်ငံတော်ဗဟိုဘဏ်မှသတ်မှတ်ထားသည့် နိုင်ငံခြားငွေကြေး အမျိုးအစားများ ဖြင့် ငွေလွှဲစာတမ်းဖွင့်လှစ်၍ ကုန်ဖိုးငွေကို ပေးချေတင်ပို့တင်သွင်းခြင်း ဖြစ် ပါသည်။ ပို့ကုန်သွင်းကုန်အတွက် Normal LC, TT စနစ်များဖြင့် လက်ခံ ဆောင်ရွက်ခွင့်ရှိပါသည်။

(ခ) ပို့ကုန်သွင်းကုန်ပါမစ်များ။ ကုန်ပစ္စည်းတန်ဖိုးကို ပေးချေရောင်းဝယ်သည့် ကိစ္စရပ်များမှအပ နမူနာပေးပို့ခြင်း ၊ လှူဒါန်းခြင်း ၊ Warranty အရ ကုန်ပစ္စည်း

အသစ်အစားထိုး လဲလှယ်ပေးပို့ခြင်းစသည့် ကုန်သွယ်မှုနှင့် အကျုံး မဝင်သည့် ကိစ္စရပ်များအတွက် ခွင့်ပြုထုတ်ပေးခြင်း ဖြစ်ပါသည်။

(ဂ) အခမဲ့တင်သွင်းခြင်း (FOC)။ ကြော်ငြာပစ္စည်းများ ၊ နမူနာပစ္စည်းများ ၊ ထုပ်ပိုးပစ္စည်းများ၊ လှူဒါန်းသည့်ပစ္စည်းများ၊ မြန်မာနိုင်ငံတွင် မှတ်ပုံတင်ရန် အတွက် စမ်းသပ်စစ်ဆေးမည့် ပစ္စည်းများအား အခမဲ့စနစ်ဖြင့် တင်သွင်းခွင့်ပြု ပါသည်။

(ဃ) လက်ခစားစနစ် (Contract Manufacturing Process CMP)

(၁) Contract Manufacturing Process လက်ခစားစနစ်ဖြင့် တင်သွင်းထားသော ပစ္စည်း များဖြင့် ထုတ်လုပ်သည့်ပစ္စည်းများကိုသာ တင်ပို့ ခွင့်ပြုပါသည်။

(၂) CMPလက်ခစားစနစ်ဖြင့် ဆောင်ရွက်ခြင်းကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ရယူပြီးသည့် ကုမ္ပဏီများသာ ဆောင်ရွက်ခွင့် ပြုပါသည်။

(င) Payment in Kind စနစ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့်သက်ဆိုင်သည့် စက်ပစ္စည်းကိရိယာနှင့် ကုန်ကြမ်းပစ္စည်းများကိုတင်သွင်းပြီး ထုတ်လုပ်ထွက်ရှိလာသည့် ကုန်ပစ္စည်းဖြင့် တန်ဖိုးပေးချေသည့်စနစ်ဖြစ်ပါသည်။

(စ) Capital in Kind စနစ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ရင်းနှီးမြှုပ်နှံသည့် စက်ပစ္စည်းကိရိယာနှင့် ကုန်ပစ္စည်းများကို တင်သွင်းခြင်းဖြစ်ပါသည်။

(ဆ) Loan in Kind စနစ်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက် ဖြင့် ရင်းနှီးမြှုပ်နှံသည့် စက်ပစ္စည်းကိရိယာနှင့် ကုန်ပစ္စည်းများကို ချေးငှား စနစ်ဖြင့် တင်သွင်းခြင်းဖြစ်ပါသည်။

(ဇ) Draw Back စနစ်။ တန်ဖိုးကြီးမားသော အကြီးစားဆောက်လုပ်ရေးသုံးပစ္စည်းနှင့် စက်ပစ္စည်းများ ၊ လုပ်ငန်း၏ ထူးခြားသည့် သဘာဝအရ လိုအပ် သည့်ပစ္စည်း (Special Equipments) များ၊ စက်ပစ္စည်းများ၊ တည်ဆောက် ရေးသုံးပစ္စည်းများ၊ ကုန်စည်ပြပွဲတွင် ပြသမည့်ပစ္စည်းများ၊ သရုပ်ပြပွဲ (Demonstration) ပြုလုပ်ပြီး၊ ပြန်လည်သယ်ဆောင်သွားမည့်ပစ္စည်းများ စသည်တို့ကို စည်းမျဉ်း စည်းကမ်းများနှင့် အညီတင်သွင်း ခွင့်ပြုပါမည်။ အောက်ဖော်ပြပါပစ္စည်းများအား ဤစနစ်ဖြင့် တင်သွင်းခွင့်မပြုပါ-

(၁) မြန်မာနိုင်ငံအတွင်း ကာလကြာရှည်စွာ အခိုင်အမာ တပ်ဆင် တည် ဆောက် အသုံးပြုမည့်ပစ္စည်းများ၊

(၂) လုပ်ငန်းလုပ်ကိုင်ရင်း သုံးစွဲရင်း ကုန်ဆုံးသွားမည့် ပစ္စည်းများ၊ (Consumable Goods)

(ဈ) Transit Trade စနစ်။ ပြည်ပနိုင်ငံတစ်ခုမှ ကုန်ပစ္စည်းများကို မြန်မာနိုင်ငံအတွင်းသို့ သတ်မှတ်ထားသည့် သင်္ဘောဆိပ်ကမ်း၊ လေဆိပ်နှင့် နယ်စပ်ကုန်သွယ်ရေးစခန်း တစ်ခုမှတင်သွင်း၍ မြန်မာနိုင်ငံကို ဖြတ်သန်းသယ်ယူ ပို့ဆောင်ပြီး အခြားနိုင်ငံတစ်ခုသို့ သတ်မှတ်ထားသည့် သင်္ဘောဆိပ်ကမ်း၊ လေဆိပ်နှင့်နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုမှတဆင့် တင်ပို့ရန်အတွက်

မြန်မာနိုင်ငံသားလုပ်ငန်းရှင်မှ သယ်ယူပို့ဆောင်ခနှင့် ကော်မရှင်ခကို ရယူဆောင်ရွက်သည့်စနစ် ဖြစ်ပါသည်။

( ည) Account Trade စနစ် ။ မြန်မာနိုင်ငံနှင့် သဘောတူစာချုပ် လက်မှတ်ရေးထိုးထားသော နိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် ကုန်သွယ်မှုပြုသည့်အခါ ကုန်ဖိုးငွေကို လက်ငင်းပေးချေခြင်းမပြုဘဲ စာရင်းမှတ်သည့်စနစ်ဖြင့် ဆောင်ရွက်ပြီး သတ်မှတ်သည့် ကာလရောက်ရှိမှသာ စာရင်းရှင်းလင်းသည့် စနစ်ဖြစ်ပါသည်။

(ဋ) Counter Trade စနစ် ။ တစ်ဖက်နိုင်ငံ ကုန်သွယ်ဘက်နှင့် တန်ဖိုးတူညီ သည့် ကုန်ပစ္စည်းများကို ဘဏ်အာမခံချက်ဖြင့် အပြန်အလှန်ရောင်းဝယ်တင်ပို့ တင်သွင်းသည့်စနစ် ဖြစ်ပါသည်။

(ဌ) Consignment Basic စနစ်။ ပြည်ပရှိ ကုမ္ပဏီတစ်ခုခုက မြန်မာနိုင်ငံရှိ အဖွဲ့အစည်းတစ်ခုခု သို့မဟုတ် စီးပွားရေးအကျိုးဆောင် ကုမ္ပဏီတစ်ခုခုသို့ မြန်မာနိုင်ငံအတွင်း ရောင်းချရန် ကုန်ပစ္စည်းများကို ကြိုတင်ပေးပို့ပြီး ရောင်းချ ပြီးမှသာ ကုန်ဖိုးငွေကို ပြန်လည်ပေးချေသည့်စနစ် ဖြစ်ပါသည်။

(ဍ) Re - Export စနစ် ။ ပြည်ပမှကုန်ပစ္စည်းများကို တင်သွင်း၍ မူလအတိုင်း သော်လည်းကောင်း၊ မြန်မာနိုင်ငံအတွင်း ပြုပြင်ထုတ်လုပ်၍ (မူလပင်ရင်းနိုင်ငံ မပြောင်းလဲစေဘဲ) သော်လည်းကောင်း အခြားနိုင်ငံတစ်ခုသို့ ပြန်လည်တင်ပို့ ခြင်း ဖြစ်ပါသည်။

ပုံမှန်ကုန်သွယ်မှုနည်းလမ်းဖြင့် သွင်းကုန်လုပ်ငန်းများဆောင်ရွက်ခြင်း

သွင်းကုန်လိုင်စင်လျှောက်ထားခြင်း

၇၂။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များသည် သွင်းကုန်လိုင်စင်လျှောက်ထားရန် လိုအပ်သည့် ကုန်စည်များအတွက် သွင်းကုန်လိုင်စင် ခွင့်ပြုချက်ရရှိမှသာ ကုန်ပစ္စည်းများ တင်သွင်းခွင့်ရှိပါသည်။ ပုံမှန်ကုန်သွယ်မှုစနစ် (Conventional Trade) ဖြင့် ဆောင်ရွက်သည့် သွင်းကုန်လိုင်စင်လျှောက် ထားခြင်းကို အောက်ဖော်ပြပါ တင်သွင်းမည့်နည်းလမ်းအလိုက် ကုန်သွယ်ရေးဦးစီးဌာနတွင် လျှောက်ထားနိုင်ပါသည်-

(က) ပင်လယ်ရေကြောင်းမှ တင်သွင်းခြင်း၊

(ခ) လေကြောင်းမှတင်သွင်းခြင်း ၊

(ဂ) နယ်စပ်ဒေသများမှ တင်သွင်းခြင်း။

၇၃။ သွင်းကုန်လိုင်စင်များကို UN Layout ပုံစံဖြင့် ခွင့်ပြုပေးလျက်ရှိပြီး သွင်းကုန်လိုင်စင် နမူနာပုံစံမှာ နောက်ဆက်တွဲပါအတိုင်း ဖြစ်ပါသည်။ နောက်ဆက်တွဲ(ဃ)

ကုန်ပစ္စည်းများကြိုတင်ရောက်ရှိခြင်း

၇၄။ သွင်းကုန်လိုင်စင်ရယူတင်သွင်းရမည့် ပစ္စည်းများအတွက် ခွင့်ပြုချက်မရမီ ဆိပ်ကမ်းသို့ ကုန်ပစ္စည်းများ ကြိုတင်ရောက်ရှိခြင်းမရှိစေရ။ ၁/

သွင်းကုန်လိုင်စင်သက်တမ်း

၇၅။ သွင်းကုန်လိုင်စင်သက်တမ်းကို သွင်းကုန်လိုင်စင်ခွင့်ပြုသည့်နေ့မှ (၃)လ သတ်မှတ် ခွင့်ပြုပါ သည်။ လိုင်စင်သက်တမ်းတိုးခြင်းကို ပထမအကြိမ် (၂) လ၊ ဒုတိယအကြိမ် (၁) လ သက်တမ်း တိုးခွင့်ပြုပေးမည်ဖြစ်ပါသည်။

သွင်းကုန်လိုင်စင်လျှောက်ထားမှုကိုပြန်လည်ရုပ်သိမ်းခွင့်လျှောက်ထားခြင်း

၇၆။ သွင်းကုန်လိုင်စင်လျှောက်ထားမှုကို ပြန်လည်ရုပ်သိမ်းခွင့်လျှောက်ထားလျှင် ခွင့်ပြုချက် ပေးပြီးနောက်ပိုင်းမှ ပြန်လည်ရုပ်သိမ်းခွင့်လျှောက်ထားပါက ကျသင့်သည့်သွင်းကုန်လိုင်စင်ကြေး တန်ဖိုး၏ ၅၀% ပေးသွင်းပြီးမှသာ ပြန်လည်ရုပ်သိမ်းခွင့်ပြုမည်။ ခွင့်ပြုချက်မပေးမီပြန်လည် ရုပ်သိမ်းခွင့်လျှောက်ထားခြင်းကိုမူ မည်သည့်အခကြေးငွေမျှ ရယူခြင်းမပြုဘဲ ပြန်လည်ရုပ်သိမ်းခွင့် ပြုမည်ဖြစ်ပါသည်။

သွင်းကုန်လိုင်စင်ပြင်ဆင်ခြင်း

၇၇။ ခွင့်ပြုပြီး သွင်းကုန်လိုင်စင်ပါ ကုန်ပစ္စည်းအမျိုးအစား အရည်အသွေး ၊ အရေအတွက် ၊ စသည်များ ပြင်ဆင်ခြင်းကို ကုန်ပစ္စည်းများ တင်သွင်းရောက်ရှိမလာမီ ကြိုတင်၍တင်ပြလျှောက် ထားရမည်။ ကုန်ပစ္စည်းများ တင်သွင်းရောက်ရှိပြီးမှ အထက်ပါအချက်အလက်များ ပြင်ဆင်ခြင်း ကို လက်ခံဆောင်ရွက်ပေးမည် မဟုတ်ပါ။ အမှန်တင်သွင်းသည့်ပမာဏ ပြင်ဆင်ခွင့်လျှောက်ထား ခြင်းကို အောက်ဖော်ပြပါ ပြင်ဆင်ကြေးများနှင့် ဒဏ်ကြေးများ ပေးဆောင်ရမည် -

တန်ဖိုး-ကျပ်

| စဉ် | အကြောင်းအရာ | သွင်းကုန်လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် | | | |
|---|---|---|---|---|---|
| | | (၁)လအတွင်း လျှောက်ထား ခြင်း | (၁)လကျော်မှ (၃)လအတွင်း လျှောက်ထားခြင်း | (၃)လကျော်မှ (၆)လအတွင်း လျှောက်ထားခြင်း | (၆)လ လျှောက် |
| | | | | | |

| | | | | | |
|---|---|---|---|---|---|
| ၁။ | ပြင်ဆင်ကြေး | ပြင်ဆင်ချက်တစ်မျိုးလျှင် ငွေကျပ် ၅၀၀၀စီ (သို့မဟုတ်) လိုင်စင်တန်ဖိုး၏ ၂ ၁/၂% အနက် နည်းရာတန်ဖိုး | ပြင်ဆင်ချက်တစ်မျိုးလျှင် ငွေကျပ် ၅၀၀၀ စီ (သို့မဟုတ်) လိုင်စင်တန်ဖိုး၏ ၂ ၁/၂% အနက် နည်းရာတန်ဖိုး | ပြင်ဆင်ချက်တစ်မျိုးလျှင် ငွေကျပ် | |
| ၂ | ဒဏ်ကြေး | - | ၅၀၀ | ၁၀၀၀ | ၅၀၀၀ |

သွင်းကုန်လိုင်စင်များ ပြန်လည်အပ်နှံခြင်း

၇၈။ ခွင့်ပြုထားသည့် သွင်းကုန်လိုင်စင်များအား သတ်မှတ်ကာလကျော်လွန်ပြီးမှ ပြန်လည် အပ်နှံပါက အပ်နှံကြေး ၅၀၀၀ိ/အပြင် အောက်ဖော်ပြပါ ဒဏ်ကြေးများ ပေးဆောင်ရမည်-

တန်ဖိုး -ကျပ်

| စဉ် | အကြောင်း အရာ | သွင်းကုန်လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် | | | |
|---|---|---|---|---|---|
| | | (၁)လအတွင်း လျှောက်ထား ခြင်း | (၁)လကျော်မှ (၃)လအတွင်း လျှောက်ထားခြင်း | (၃)လကျော်မှ (၆)လအတွင်း လျှောက်ထားခြင်း | (၆)လ လျှေ ခြင်း |
| ၁ | ဒဏ်ကြေး | - | ၅၀၀ | ၁၀၀၀ | ၅၀၀ |

သွင်းကုန်လိုင်စင်မိတ္တူထုတ်ပေးခြင်း

၇၉။ ထုတ်ပေးထားသည့် သွင်းကုန်လိုင်စင်များ ပျက်စီးခြင်း၊ ပျောက်ဆုံးခြင်းကြောင့် မိတ္တူမှန် လျှောက်ထားပါက ဆောင်ရွက်မှုအခကြေးငွေ ကျပ် ၅၀၀၀ ပေးဆောင်ရမည်။ ၁/

မူလသွင်းကုန်လိုင်စင်အရေအတွက်နှင့် တန်ဖိုးထက်ပိုမိုရောက်ရှိသည့်ပစ္စည်းများအတွက် သွင်းကုန် လိုင်စင်ကြေး

၈၀။ မြန်မာနိုင်ငံရှိ ကုန်တင်ကုန်ချဆိပ်ကမ်းများသို့ အမှန်ရောက်ရှိသည့် ကုန်ပစ္စည်း အရေ အတွက်နှင့်တန်ဖိုးသည် မူလသွင်းကုန်လိုင်စင်ပါအရေအတွက်နှင့် တန်ဖိုးထက် ပိုမိုပါက ယင်းပိုမို ရောက်ရှိသည့် အရေအတွက်နှင့် တန်ဖိုးအတွက် သွင်းကုန်လိုင်စင်ကြေး ထပ်မံပေးဆောင်ရမည်။ ၂/

သွင်းကုန်လိုင်စင်ကြေးပေးသွင်းရေးအစီအစဉ်

၈၁။ သွင်းကုန်ပါမစ်ကြေး ၊ သွင်းကုန်လိုင်စင်ကြေး၊ သက်တမ်းတိုးမြှင့်ကြေးနှင့် ပြင်ဆင်ကြေး များကို အောက်ပါအတိုင်းပေးသွင်းရန်ဖြစ်ပါသည် -

(က) ဦးစီးဌာန၏ MD Account ပါ ငွေသွင်းချလန်ဖြင့် ဘဏ်သို့ တိုက်ရိုက်ငွေသား ပေးသွင်းခြင်းဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံသားများဘဏ်တွင် ငွေစာရင်းဖွင့်လှစ် ၍ E-Payment စနစ်ဖြင့်လည်းကောင်း ပေးသွင်းရမည်။

(ခ) ငွေသွင်းချလန်ဖြင့် ပေးသွင်းပါက သွင်းကုန်လိုင်စင်ကြေး ၊ သွင်းကုန်ပါမစ်ကြေး ၊ သက်တမ်းတိုးမြှင့်ကြေး ၊ ပြင်ဆင်ကြေး ၊ ဒဏ်ကြေးတို့ကို ပို့ကုန်သွင်းကုန်လုပ်ငန်း ဌာနခွဲမှ ကျသင့်နှုန်းဖော်ပြသည့် အကြောင်းကြားစာပုံစံဖြင့် ငွေစာရင်းဌာနခွဲသို့ ငွေသွင်းချလန် တင်ပြ၍ ပေးသွင်းရမည်။

သွင်းကုန်လိုင်စင်ကြေးများကို သတ်မှတ်ရက်ထက်ကျော်လွန်ပြီး ပေးသွင်းခြင်း

၈၂။ လုပ်ငန်းရှင်များအနေဖြင့် သွင်းကုန်လိုင်စင်ကြေးများကို ခွင့်ပြုသည့်နေ့မှ ၂၁ ရက်အတွင်း ပေးသွင်းရမည် ဖြစ်ပါသည်။ အဆိုပါသတ်မှတ်ရက်ထက် ကျော်လွန်ပြီး သွင်းကုန်လိုင်စင်ကြေး ပေးသွင်းမှုများကို အောက်ဖော်ပြပါ ဒဏ်ကြေးများ ပေးဆောင်စေပြီးမှ သွင်းကုန်လိုင်စင်များ ထုတ်ပေးမည် ဖြစ်ပါသည် -

(က) သတ်မှတ်ခွင့်ပြုထားသည့် ရက် -ကျသင့်သော သွင်းကုန်လိုင်စင်ကြေး၏

(က) သတ်မှတ်ခွင့်ပြုထားသည့် ရက် - ကျသင့်သော သွင်းကုန်လိုင်စင်ကြေး၏
ကိုကျော်လွန်၍ (၁၅)ရက်အတွင်း ၁၀ ရာခိုင်နှုန်းကို ဒဏ်ကြေးအဖြစ်
ပေးသွင်းခြင်း ပေးဆောင်စေရန်

(ခ) သတ်မှတ်ခွင့်ပြုထားသည့် ရက် - ကျသင့်သော သွင်းကုန်လိုင်စင်ကြေး၏
ကိုကျော်လွန်၍ (၃၀)ရက်အတွင်း ၂၀ ရာခိုင်နှုန်းကို ဒဏ်ကြေးအဖြစ်
ပေးသွင်းခြင်း ပေးဆောင်စေရန်

သတ်မှတ်ရက်အတွင်း သွင်းကုန်လိုင်စင်ကြေးများ ပေးသွင်းမှုမရှိခြင်းအပေါ် ဆောင်ရွက်မှု

၈၃။ သွင်းကုန်လိုင်စင်ခွင့်ပြုကြောင်း စကားပြောကြေးနန်းဖြင့် ဖြစ်စေ ၊ တရားဝင်စာဖြင့် ဖြစ်စေ အကြောင်းကြားသော်လည်း သတ်မှတ်ရက်အတွင်း ပေးသွင်းမှုမရှိပါက သွင်းကုန်လိုင်စင် လျှောက်လွှာကို မှတ်ပုံတင်စာဖြင့် လျှောက်ထားသူထံ ပြန်လည်ပေးပို့ပါမည်။

၈၄။ တင်ပို့ခွင့် တင်သွင်းခွင့်ပြုသည့်ပစ္စည်းများအားလုံး ခွင့်ပြုသည့်နေ့မှ တစ်လအတွင်းသာ ပို့ကုန်သွင်းကုန်လိုင်စင်များ ထုတ်ပေးမည်ဖြစ်ပါသည်။ တစ်လအတွင်း ထုတ်ယူခြင်းမပြုပါက လိုင်စင်လျှောက်ထားမှုများကို ပယ်ဖျက်မည်ဖြစ်ပါသည်။ ၁/

သွင်းကုန်လိုင်စင် / ပါမစ်လျှောက်ထားရယူရန်မလိုဘဲ တင်သွင်းခွင့်ပြုသည့်ပစ္စည်းများ

၈၅။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သွင်းကုန်ပါမစ် ရယူရန်မလိုဘဲ တင်သွင်းခွင့်ပြုသည့် ပစ္စည်းများအဖြစ် အုပ်စု (၈)ခုသတ်မှတ်ခွင့်ပြုထားပါသည်။ ယင်းပစ္စည်း များကို တစ်နှစ်တစ်ကြိမ်သာ တင်သွင်း ခွင့်ပြုမည်ဖြစ်ပါသည်။ ၂/ နောက်ဆက်တွဲ (င)

ပြည်ပမှ အခမဲ့တင်သွင်းသည့် နမူနာပစ္စည်းများနှင့်ကြော်ငြာပစ္စည်းများ

၈၆။ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏ ၁၁-၉-၂၀၁၃ ရက်စွဲပါ ပို့ကုန်သွင်းကုန်နှင့် ပတ်သက် သော သတင်းလွှာ ၅/၂၀၁၃ ဖြင့် သွင်းကုန်လိုင်စင် /ပါမစ် ရယူရန်မလိုဘဲ ပြည်ပမှ အခမဲ့တင်သွင်း သည့် နမူနာပစ္စည်းများနှင့် ကြော်ငြာ ပစ္စည်းများအား အမေရိကန်ဒေါ်လာ (၅၀၀) ထက်မပိုသည့် တန်ဖိုးသာ တင်သွင်းခွင့်ပြုမည် ဖြစ်ပါသည်။

သွင်းကုန်လိုင်စင်ကြေးများ

၈၇။ သွင်းကုန်လိုင်စင်ကြေးများကို အောက်ပါနှုန်းထားများအတိုင်း ပေးဆောင်ရန် သတ်မှတ် ပါသည်-၁/၂

| ဆိပ်ကမ်းရောက်တန်ဖိုး(CIF) | သွင်းကုန်လိုင်စင်ကြေး |
|---|---|
| ကျပ် ၁၀၀၀၀ ထိ | ကျပ် ၂၅၀ |
| ကျပ် ၁၀၀၀၁ မှ ကျပ် ၂၅၀၀၀ ထိ | ကျပ် ၆၂၅ |
| ကျပ် ၂၅၀၀၁ မှ ကျပ် ၅၀၀၀၀ ထိ | ကျပ် ၁၂၅၀ |
| ကျပ် ၅၀၀၀၁ မှ ကျပ် ၁၀၀၀၀၀ ထိ | ကျပ် ၂၅၀၀ |
| ကျပ် ၁၀၀၀၀၁ မှ ကျပ် ၂၀၀၀၀၀ ထိ | ကျပ် ၅၀၀၀ |
| ကျပ် ၂၀၀၀၀၁ မှ ကျပ် ၄၀၀၀၀၀ ထိ | ကျပ် ၁၀၀၀၀ |
| ကျပ် ၄၀၀၀၀၁ မှ ကျပ် ၁၀၀၀၀၀၀ ထိ | ကျပ် ၂၀၀၀၀ |
| ကျပ် ၁၀၀၀၀၀၁ နှင့်အထက် | ကျပ် ၅၀၀၀၀ |

သွင်းကုန်လိုင်စင်ကြေးကင်းလွတ်ခွင့်ပြုသည့်ပစ္စည်းများ

၈၈။ အောက်ဖော်ပြပါ ပစ္စည်းများအပေါ် သွင်းကုန်လိုင်စင်ကြေး ကင်းလွတ်ခွင့်ပြုထားပါသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သည့် အဖွဲ့အစည်းများ၊ကုမ္ပဏီများကငင်းတို့၏လုပ်ငန်းတွင်အသုံးပြုရန်အတွက် ပြည်ပမှ တင်သွင်းလာသည့် အောက်ဖော်ပြပါပစ္စည်းများ-

(ကုန်သွယ်ရေးဝန်ကြီးဌာန၏ ၁၃-၁၁-၉၀ ရက်စွဲပါအမိန့်အမှတ် ၁/၉၀)

(၁) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကော်မရှင်က သတ်မှတ်သည့် နိုင်ငံခြားမတည်ငွေရင်းအရ လုပ်ငန်းတည်ဆောက်မှု ကာလအတွင်း အမှန်တကယ် အသုံးပြုရန်လိုအပ်၍တင်သွင်းသော စက်ပစ္စည်းများ၊ စက်ကိရိယာများ

စက်ကိရိယာ အစိတ်အပိုင်းများ၊ စက်အရန်ပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ၊

(၂) လုပ်ငန်းတည်ဆောက်မှုပြီးစီး၍ ပြည်ပသို့ကုန်ချောထုတ်လုပ်ရောင်းချရန် အလို့ငှာ ပထမ (၃)နှစ်အတွက် ကုန်ထုတ်လုပ်ရန်တင်သွင်းသည့် ကုန်ကြမ်း များနှင့် ထုပ်ပိုးပစ္စည်းများ၊

(ခ) မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ၏ခွင့်ပြုမိန့်ဖြင့် ရင်းနှီးမြှုပ်နှံသည့် အဖွဲ့အစည်းများ၊ကုမ္ပဏီများက လုပ်ငန်းတွင် အသုံးပြုရန်အတွက် ပြည်ပမှတင်သွင်းလာသည့် အောက်ဖော်ပြပါပစ္စည်းများ -

(စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ၃၀-၁၀-၉၈ ရက်စွဲပါ အမိန့် အမှတ် ၁၆/၉၈)

(၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က လုပ်ငန်းထူထောင် ဆောင်ရွက်ရန် အတွက် ပြည်ပမှတင်သွင်းခွင့်ပြုသည့် တန်ဖိုးအရလုပ်ငန်း တည်ဆောက်မှု ကာလအတွင်း အမှန်တကယ် အသုံးပြုရန်လိုအပ်၍ တင်သွင်းလာသော စက်ပစ္စည်းများ၊ စက်ကိရိယာများ၊ အသုံးအဆောင် တန်ဆာပလာများ ၊ လုပ်ငန်းသုံးပစ္စည်းများ

(၂) လုပ်ငန်းတည်ဆောက်ပြီးစီး၍ ကုန်ချောထုတ်လုပ်ရန် အလို့ငှာ ပထမ (၃)နှစ် အတွင်း ကုန်ချောထုတ်လုပ်ရန် တင်သွင်းသည့် ကုန်ကြမ်းပစ္စည်းများ ၊

(ဂ) အများပြည်သူတို့၏ ဆေးဝါးကုသမှုခံယူရာတွင် သက်သာချောင်ချိရေးနှင့် ပြည်သူ့ကျန်းမာရေးတိုးတက်မြင့်မားမှုကို အထောက်အကူပြုစေရန်အလို့ငှာ နိုင်ငံပိုင် စီးပွားရေး အဖွဲ့အစည်းများကဖြစ်စေ ၊ ပုဂ္ဂလိက ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များက ဖြစ်စေ၊ ပြည်ပမှ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းလာသည့် ဆေးဝါးများနှင့် ယင်းဆေးဝါး ထုတ်လုပ်ရာတွင် အသုံး ပြုသည့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ (၃၆) မျိုးနှင့်(၃၁)မျိုး။ နောက်ဆက်တွဲ (စ)

(ဃ)  လယ်ယာကဏ္ဍဥ  စိုက်ပျိုးထုတ်လုပ်မှု  တိုးတက်စေရန်အတွက်နိုင်ငံပိုင်စီးပွားရေး  အဖွဲ့အစည်းများ ကဖြစ်စေ၊ပုဂ္ဂလိက ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များဖြစ်စေ၊ ပြည်ပမှ မြန်မာပြည်အတွင်းသို့ တင်သွင်းလာသည့် အောက်ဖော်ပြပါပစ္စည်းများ -

(ကုန်သွယ်ရေးဝန်ကြီးဌာန၏ ၁-၂-၉၃ ရက်စွဲပါအမိန့်အမှတ် (၂/၉၃) )

(၁) ဓာတ်မြေဩဇာ

(၂) လယ်ယာသုံးကိရိယာများ

(၃) လယ်ယာသုံးစက်ပစ္စည်းများ

(၄) ပိုးသတ်ဆေးများ

နောက်ဆက်တွဲ (ဆ)

(င) မြန်မာနိုင်ငံကိုဖြတ်သန်း၍တစ်ဆင့်သယ်ယူလာသည့်ပစ္စည်းများ

( ကုန်သွယ်ရေးဝန်ကြီးဌာန၏ ၃၁-၅-၉၁ ရက်စွဲပါ အမိန့်အမှတ် ၃/၉၁ )

ကုန်တင်ကုန်ချ ဆိပ်ကမ်းအဖြစ် သတ်မှတ်ထားသည့်ဆိပ်ကမ်းများ

၈၉။ ပြည်ပသို့တင်ပို့ရောင်းချခြင်း၊ ပြည်ပမှတင်သွင်းခြင်းများကို ပြုလုပ်ရာတွင် အောက်ဖော်ပြပါဆိပ်ကမ်းမြို့များအား ကုန်တင်ကုန်ချ ဆိပ်ကမ်းအဖြစ် သတ်မှတ်ထားပါသည် -

(က) ရန်ကုန်ဆိပ်ကမ်း

(ခ) မော်လမြိုင်

(ဂ) ပုသိမ်

(ဃ) စစ်တွေ

(င) နိုင်ငံတော်က အခါအားလျော်စွာ သတ်မှတ်သည့်ဆိပ်ကမ်းများ

သင်္ဘောမတင်မီစစ်ဆေးခြင်းနှင့် ဆိပ်ကမ်းသို့ရောက်ရှိချိန်တွင် စစ်ဆေးခြင်း

၉၀။ သတ်မှတ်ထားသော စံချိန်စံညွှန်းဖြင့် တင်သွင်းသည်ဖြစ်စေ ၊ ထုတ်လုပ်သူ၏ စံချိန်စံညွှန်း ဖြင့် တင်သွင်းသည်ဖြစ်စေ၊ သွင်းကုန်လိုင်စင်တွင် သင်္ဘောမတင်မီစစ်ဆေးရန် သတ်မှတ်ချက်ဖြင့် ခွင့်ပြုထားသည့် သွင်းကုန်များအား သွင်းကုန်လိုင်စင်စည်းကမ်းများအတိုင်း သင်္ဘောမတင်မီ စစ်ဆေးပြီး သတ်မှတ်ထားသည့် ထောက်ခံချက်များပါရှိမှသာ သင်္ဘောတင်ပို့စေမည် ဖြစ်ပါသည်။ ၁/

ဆိပ်ကမ်းသို့ရောက်ရှိသည့်အခါတွင်လည်း သွင်းကုန်လိုင်စင်ပါ စည်းကမ်းချက်များအတိုင်း စစ်ဆေး ပြီး သက်ဆိုင်ရာဌာနများ၏ ဖြန့်ဖြူးရောင်းချခွင့်ပြုသင့်ကြောင်း ထောက်ခံချက်များ ရရှိမှသာ ဖြန့်ဖြူးရောင်းချရမည်။

တင်ပို့/ တင်သွင်း ခွင့်ပြုသည့် Incoterms (International Commercial Terms) များ

၉၁။ အပြည်ပြည်ဆိုင်ရာကုန်သည်ကြီးများအသင်း(International Chamber Of Commerce) (ICC) မှ ထုတ်ပြန်ခဲ့သည့် Incoterms 2010 ကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလ ၁ ရက် နေ့မှစတင်၍ တစ်ကမ္ဘာလုံး လိုက်နာကျင့်သုံးလျက်ရှိရာ တစ်ဖက်ပါအတိုင်းဖြစ်ပါသည်-

(က) FOB (Free On Board) ။ ရောင်းသူသည် ရောင်းချမည့် ကုန်ပစ္စည်းကို တင်ပို့ရမည့် သင်္ဘောပေါ်သို့ ရောက်ရှိသည်အထိ တင်ပို့ပေးရန်တာဝန်ရှိ သည်။ ရောင်းသူသည် တင်ပို့မည့်ကုန်ပစ္စည်းအတွက် ကျသင့်သည့် အကောက် ခွန်များကို တာဝန်ယူဆောင်ရွက်ရမည်။ ဝယ်သူသည် ကုန်ပစ္စည်း သင်္ဘောပေါ် သို့ရောက်ရှိပြီးသည်နှင့်တစ်ပြိုင်နက် ကုန်ပစ္စည်းနှင့်ပတ်သက်၍ ပေါ်ပေါက်လာ သည့်ဆုံးရှုံးမှုနှင့် ကုန်ကျစရိတ်အားလုံးကို တာဝန်ယူရမည်ဖြစ်သည်။ ဤစနစ် ကို ပင်လယ်ရေကြောင်း၊ပြည်တွင်းရေကြောင်းဖြင့် သယ်ယူပို့ဆောင်မှုအတွက် သာအသုံးပြုရမည်။

( ခ ) FAS (Free Along side Ship)။ ရောင်းသူသည်ကုန်ပစ္စည်းအားတင်ပို့မည့် သင်္ဘောဆိုက်ကပ်မည့် ဆိပ်ကမ်းရှိ သင်္ဘောနံဘေးအရောက် ပို့ဆောင်ပေးပြီး ရောင်းချခြင်းကို လွှဲပြောင်းပေးရမည်ဖြစ်သည်။ ရောင်းသူသည် တင်ပို့မည့် ကုန် ပစ္စည်းအတွက် အကောက်ခွန် ကိစ္စရပ်များနှင့်ပတ်သက်၍ တာဝန်ယူဆောင်ရွက် ရမည်ဖြစ်ပြီး ဝယ်သူသည် ကုန်ပစ္စည်းလက်ခံသည့် အချိန်မှစ၍ ကုန်ပစ္စည်း ဆုံးရှုံးမှုနှင့် အခြားကုန်ကျစရိတ်များအားလုံးကို ကျခံရမည်ဖြစ်သည်။ ဤစနစ် ကို ပင်လယ်ရေကြောင်း၊ ပြည်တွင်းရေကြောင်းဖြင့် သယ်ယူပို့ဆောင်မှုအတွက် သာ အသုံးပြုရမည်။

( ဂ ) CFR ( Cost and Freight ) ။ ရောင်းသူသည် ကုန်ပစ္စည်းများ တင်ပို့ရာ တွင် တင်ပို့မည့်ကုန်ပစ္စည်းသင်္ဘောပေါ်သို့ရောက်ရှိသည်နှင့် ကုန်ပစ္စည်းများ ကို လွှဲပြောင်းပေးပြီးဖြစ်သည်။ ရောင်းသူသည် ကုန်ပစ္စည်း တင်ပို့ရာတွင် ကျသင့်သည့် သင်္ဘောခနှင့် အခြားကုန်ကျစရိတ်များ အားလုံးကို တာဝန်ယူရ မည်ဖြစ်သည်။ ဝယ်သူသည် နောက်ဆက်တွဲ ဖြစ်ပေါ်လာမည့် စရိတ်စက များ၊ ဆုံးရှုံးမှုများ (သို့မဟုတ်) ပျက်စီးမှုများအားလုံးကို တာဝန်ယူရမည် ဖြစ်သည်။ ဤစနစ်ကို ပင်လယ်ရေကြောင်း၊ ပြည်တွင်းရေကြောင်းဖြင့် သယ်ယူပို့ဆောင်မှုအတွက်သာ အသုံးပြုရမည်။

(ဃ) CIF (Cost, Insurance & Freight) ။ ရောင်းသူသည် ကုန်ပစ္စည်းများ တင်ပို့ရာတွင် တင်ပို့မည့်ကုန်ပစ္စည်း သင်္ဘောပေါ်သို့ရောက်ရှိသည်နှင့် ကုန်ပစ္စည်းများကို လွှဲပြောင်းပေးပြီးဖြစ်ပါသည်။ ရောင်းသူသည် ဝယ်သူသို့ ရောင်းချမည့် ကုန်ပစ္စည်းအပေါ်အာမခံကြေးပေးဆောင်ပြီး ကုန်ပစ္စည်းကို ပို့ဆောင်ပေးရမည် ဟူသောအချက်မှလွဲ၍ ကျန်ကိစ္စရပ်များအားလုံးမှာ CFR နှင့် အတူတူပင်ဖြစ်သည်။ ဤစနစ်ကို ပင်လယ်ရေကြောင်း၊ ပြည်တွင်း ရေကြောင်းဖြင့် သယ်ယူပို့ဆောင်မှုအတွက်သာ အသုံးပြုရမည်။

( င ) EXW (Ex Works) ။ ဝယ်သူအတွက် တာဝန်အကြီးမားဆုံး ဖြစ်စေပြီး ရောင်းသူအတွက် တာဝန်အနည်းဆုံး ဖြစ်စေသည်။ ရောင်းသူသည် ၎င်း၏ အဆောက်အဦးနှင့် မြေယာနေရာ (အလုပ်နေရာ၊ စက်ရုံ ၊ ဂိုဒေါင်)တွင် ဝယ်သူနှင့် သဘောတူညီထားသောနေ့၌ ကုန်ပစ္စည်း စုစည်းပေးရန် တာဝန်ရှိ သည်။ ဝယ်သူသည် ကုန်ပစ္စည်းများ

နောက်ဆုံးရောက်ရှိရာနေရာအထိ သယ်ယူပို့ဆောင် စရိတ်အားလုံးနှင့် ပေါ်ပေါက်လာနိုင်သည့် ဘေးအန္တရာယ်များ ကို တာဝန်ယူဖြေရှင်းဆောင်ရွက်ရမည်။ ဤစနစ်ကို သယ်ယူပို့ဆောင်ရမည့် ပုံစံအမျိုးမျိုးအပါအဝင် မည်သည့်သယ်ယူပို့ဆောင်မှုပုံစံဖြင့်မဆို အသုံးပြု နိုင်သည်။

( စ ) FCA (Free Carrier)။ ရောင်းသူသည် ကုန်ပစ္စည်းများအား ဝယ်သူ အလိုရှိသည့်အတိုင်း စုစည်းပေးရန် (သို့မဟုတ်) ကုန်ဝယ်သူ၏ လိုလားချက် အတိုင်း ကားဂိတ်၊ လေဆိပ် ၊ ရထားဘူတာ (သတ်မှတ်ထားသည့်နေရာ) သို့ ပေးပို့ပေးရန်တာဝန်ရှိသည်။ ဝယ်သူသတ်မှတ်ထားသောနေရာသို့ ကုန်ပစ္စည်း သယ်ယူခကို ရောင်းသူမှ တာဝန်ယူရမည်ဖြစ်ကာ ကုန်ချနေရာတွင် အကောက်ခွန် ရှင်းလင်းခ၊ သဘ်ောခ၊ ကုန်ပစ္စည်းနောက်ဆုံး ရောက်ရှိရာနေရာသို့ ကုန်သယ် ဆောင်ခတို့ကို ဝယ်သူမှတာဝန်ယူရပါမည်။ ဤစနစ်ကို သယ်ယူပို့ဆောင်ရ မည့်ပုံစံအမျိုးမျိုး အပါအဝင်မည်သည့် သယ်ယူပို့ဆောင်မှု ပုံစံဖြင့်မဆို အသုံးပြုနိုင်သည်။

(ဆ) CPT (Carriage Paid To ) ။ ကုန်ရောင်းသူသည် ကုန်ပစ္စည်းအား သယ်ယူပို့ဆောင်ပေးသည့်ယာဉ်ပေါ်သို့ ကုန်ပစ္စည်းကို တာဝန်ယူ တင်ပို့ပေးရ မည့်အပြင် ကုန်ချရမည့်နေရာသို့ အရောက်ပေးပို့ပေးရန် တာဝန်ရှိသည်။ ရောင်းသူသည် ကုန်ပစ္စည်းတင်ပို့ရာတွင် အကောက်ခွန်ရှင်းလင်းခ၊ ကုန် ပစ္စည်းသယ်ယူခနှင့် အခြားကုန်ကျစရိတ်များကို တာဝန်ယူရမည်ဖြစ်သည်။ သယ်ယူပို့ဆောင်မည့် ယာဉ်ပေါ်သို့ ကုန်ပစ္စည်းများ လွှဲပြောင်းတင်ပို့ပြီးစီးပါက ကုန်ရောင်းသူ၏ တာဝန်ယူမှု အပိုင်းပြီးဆုံးပြီဖြစ်သည်။ ဤစနစ်ကို သယ်ယူ ပို့ဆောင်ရမည့် ပုံစံအမျိုးမျိုးအပါအဝင်မည်သည့် သယ်ယူပို့ဆောင်မှု ပုံစံဖြင့် မဆို အသုံးပြုနိုင်သည်။

( ဇ ) CIP ( Carriage and Insurance Paid To) ။ ကုန်ရောင်းသူသည် ကုန်ပစ္စည်းအား သယ်ယူပို့ဆောင်ပေးသည့် ယာဉ်ပေါ်သို့ကုန်ပစ္စည်းကို တာဝန် ယူတင်ပို့ပေးရမည့်အပြင် ကုန်ချရမည့်နေရာသို့ အရောက်ပေးပို့ပေးရန် တာဝန်ရှိသည်။ ရောင်းသူသည် ကုန်ပစ္စည်း တင်ပို့ရာတွင် အကောက်ခွန် ရှင်းလင်းခ၊ ကုန်ပစ္စည်းသယ်ယူခ၊ အာမခံကြေးနှင့် အခြားကုန်ကျစရိတ် များကို တာဝန်ယူရမည်ဖြစ်သည်။ တာဝန်ယူမှုအပိုင်းမှာ CPT နှင့်အတူတူ ပင်ဖြစ်သည်။ ဤစနစ်ကို သယ်ယူပို့ဆောင်ရမည့်ပုံစံအမျိုးမျိုးအပါအဝင် မည်သည့်သယ်ယူပို့ဆောင်မှုပုံစံဖြင့်မဆို အသုံးပြုနိုင်သည်။

( ဈ ) DAT (Delivered At Terminal )။ ရောင်းသူသည် ကုန်ပစ္စည်း များကို သယ်ယူပို့ဆောင်သည့်ယာဉ်ပေါ်သို့ သယ်ချပြီးသည်နှင့် တစ်ပြိုင် နက်ဝယ်သူ၏ အမည်သတ်မှတ်ထားသည့်ဆိပ်ကမ်း (သို့မဟုတ်) ကုန်ချနေရာ တွင် ဝယ်သူ၏ အလိုရှိသည့်အတိုင်း ပေးပို့ရောင်းချရမည်ဖြစ်သည်။ ကုန်ချ နေရာ ဆိုရာတွင် ဆိပ်ကမ်း၊ ဂိုဒေါင်၊ ကွန်တိန်နာဝင်း (သို့မဟုတ်) ကားဂိတ် ဘူတာရုံ (သို့မဟုတ်) လေဆိပ်၊ ကုန်စည်အဝင်အထွက်နေရာစသည်တို့ အပါ အဝင် မည်သည့်နေရာ မဆိုပါဝင်သည်။ ရောင်းသူသည် ကုန်ပစ္စည်းများအား အမည်သတ်မှတ်ထားသည့် ဆိပ်ကမ်း (သို့မဟုတ်) ကုန်ချနေရာသို့ သယ်ယူ ခြင်းနှင့်ကုန်ပစ္စည်းများ သယ်ချခြင်းစသည့် ကုန်ကျစရိတ်နှင့် ကိစ္စများအားလုံး ၏ တာဝန်ကိုကျခံရမည်။ ဤစနစ်ကို သယ်ယူပို့ဆောင်ရမည့် ပုံစံအမျိုးမျိုး အပါအဝင်မည်သည့်သယ်ယူပို့ဆောင် မှုပုံစံဖြင့်မဆိုအသုံးပြုနိုင်သည်။

(ည) DAP (Delivered At Place)။ ရောင်းသူသည် ဝယ်သူလိုလားချက် အတိုင်း ကုန်ချနေရာတွင် သယ်ချရန်အသင့်ဖြစ်နေသည့် ကုန်ပစ္စည်း သယ်ဆောင်သည့် ယာဉ်ပေါ်မှ ဝယ်သူအလိုရှိသည့်အတိုင်း ကုန်ပစ္စည်းများ အားထားရှိပြီးသည့်နောက် ကုန်ပစ္စည်းအား ပေးပို့ရောင်းချပြီးဖြစ်သည်။ ရောင်းသူသည် သတ်မှတ်ထားသောနေရာသို့ ကုန်ပစ္စည်းသယ်ဆောင်ခြင်း အပါအဝင် ကုန်ပစ္စည်း သယ်ဆောင်ရာတွင် ပေါ်ပေါက်လာနိုင်သည့် ဘေးအန္တရာယ်များကို တာဝန်ယူဖြေရှင်း ဆောင်ရွက်ရမည်။ ဤစနစ်ကို သယ်ယူပို့ဆောင်ရမည့် ပုံစံအမျိုးမျိုးအပါအဝင် မည်သည့်သယ်ယူပို့ဆောင် မှုပုံစံဖြင့် မဆို အသုံးပြုနိုင်သည်။

( ဋ ) DDP (Delivered Duty Paid)။ ရောင်းသူသည် ကုန်ပစ္စည်းများကို လွှဲပြောင်း ရောင်းချပြီး အခွန်ပေးဆောင်ပြီးသည်အထိ သယ်ယူပို့ဆောင်ခစရိတ် အားလုံးနှင့် ပေါ်ပေါက်လာနိုင်သည့် ဘေးအန္တရာယ်များကို တာဝန်ယူဖြေရှင်း ဆောင်ရွက်ရမည်။ ဤစနစ်ကို သယ်ယူပို့ဆောင်ရမည့် ပုံစံအမျိုးမျိုး အပါ အဝင် မည်သည့်သယ်ယူပို့ဆောင်မှုပုံစံဖြင့်မဆို အသုံးပြုနိုင်သည်။

နယ်စပ်ကုန်သွယ်မှုနည်းလမ်းဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းများဆောင်ရွက်ခြင်း
ဖွင့်လှစ်ပြီးကုန်သွယ်ရေးဇုန်နှင့်စခန်းများ

၉၂။ ဖွင့်လှစ်ပြီးသော ကုန်သွယ်ရေးဇုန်နှင့်စခန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| | စခန်း | နှစ်နိုင်ငံနယ်စပ် | စတင်ဖွင့်လှစ်သည့်ရက်စွဲ |
|---|---|---|---|
| (က) | မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန် | မြန်မာ-တရုတ်နယ်စပ် | ၁၂-၁-၁၉၉၈ |
| ( ခ ) | လွယ်ဂျယ် ကုန်သွယ်ရေးစခန်း | ။ | ၂၃-၈-၁၉၉၈ |
| ( ဂ ) | ချင်းရွှေဟော် ကုန်သွယ်ရေးစခန်း | ။ | ၁၉-၁၀-၂၀၀၃ |
| (ဃ) | လိုင်ဇာကုန်သွယ်ရေး စခန်း | ။ | ၁-၅- ၂၀၀၀ (၁၄-၆-၂၀၀၆ရက် နေ့မှစ၍ ခေတ္တရပ်ဆိုင်းခဲ့ပါသည်။) |
| ( င ) | ကန်ပိုက်တီး | ။ | ၂၅-၁၂-၂၀၀၃ |

ကုန်သွယ်ရေးစခန်း

(
၁၆-၆-၂၀၀၆ တွင် ယာယီ
ပိတ်သိမ်းပြီး
၁-၈-၂၀၀၉တွင်

ပြန်လည်ဖွင့်လှစ်ခဲ့ပါသည်။)

(စ) တာချီလိတ် ကုန်သွယ်ရေးစခန်း　မြန်မာ-ထိုင်းနယ်စပ်　၁၆-၃-၁၉၉၆

(ဆ) ကော့သောင်း ကုန်သွယ်ရေးစခန်း　〃　၁-၆-၁၉၉၆

(ဇ) မြဝတီ ကုန်သွယ်ရေးဇုန်　〃　၁၆-၉-၁၉၉၈

(ဈ) မြိတ် ကုန်သွယ်ရေးစခန်း　〃　၁-၇-၁၉၉၉

(ည) မောတောင်ကုန်သွယ်ရေးစခန်း　မြန်မာ-ထိုင်းနယ်စပ်　၈-၅-၂၀၁၃

(ဋ) ထီးခီးကုန်သွယ်ရေးစခန်း　〃　၁၁-၅-၂၀၁၃

( ၅) စစ်တွေကုန်သွယ်ရေး　မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ　်　၁၁-၁၂-
၁၉၉၈

စခန်း

(ဍ) မောင်တောကုန်သွယ်ရေးစခန်း　〃　၅-၉-၁၉၉၅

(ဎ) တမူးကုန်သွယ်ရေးစခန်း　မြန်မာ-အိန္ဒိယနယ်စပ်　၁၂-၄-၁၉၉၅

(ဏ) ရိဒ်ကုန်သွယ်ရေးစခန်း　〃　၁၀-၁၂-၂၀၀၃

(တ) ထန်တလန်ကုန်သွယ်ရေးစခန်း　〃　၁-၄-၂၀၁၃(ယာယီ)

(ထ) ပို့ကုန်သွင်းကုန်ရုံး(ရန်ကုန်)　-　၁၈-၁၁-၂၀၁၃

(ဒ) ပို့ကုန်သွင်းကုန်ရုံး (မန္တလေး)　-　၁-၄-၂၀၁၄

(ဓ) ပို့ကုန်သွင်းကုန်ရုံး (ကျိုင်းတုံ)　-　၁-၄-၂၀၁၄

(န) ပို့ကုန်သွင်းကုန်ရုံး (မြစ်ကြီးနား)　-　၁၅-၁၀-၂၀၁၄

(ပ) ကျိုင်းလပ် ကုန်သွယ်ရေးစခန်း　မြန်မာ-လာအိုနယ်စပ်　၉-၅-၂၀၁၅

၉၃။ နိုင်ငံတော်မှ တရားဝင်ဖွင့်လှစ်ထားသည့် နယ်စပ်စခန်းများအပြင် အခါအားလျော်စွာ သတ်မှတ်သည့် ကုန်တင်ပို့/တင်သွင်းသည့် နေရာများလည်း ပါဝင်သည်။

နယ်စပ်ဒေသတွင်ဆောင်ရွက်ခွင့်ပြုသောကုန်သွယ်မှုနည်းလမ်းများ

၉၄။ နယ်စပ်ဒေသများမှတစ်ဆင့် တစ်ဖက်အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုပြုရာတွင် ပုံမှန်ကုန်သွယ်မှုနည်းလမ်းဖြင့်လည်းကောင်း၊နယ်စပ်ကုန်သွယ်မှုနည်းလမ်းဖြင့်လည်းကောင်းတင်ပို့ တင်သွင်းခွင့်ပြုပါသည်။

ပုံမှန်ကုန်သွယ်မှုနည်းလမ်း (Conventional Trade) ဖြင့်ဆောင်ရွက်ခြင်း

၉၅။ နယ်စပ်ဒေသများမှတစ်ဆင့် ပုံမှန်ကုန်သွယ်မှုနည်းလမ်းဖြင့် ဆောင်ရွက်ရာတွင် ပို့ကုန် သွင်းကုန် လိုင်စင်လျှောက်ထားခြင်း၊ ပို့ကုန်သွင်းကုန်လိုင်စင်ခွင့်ပြုခြင်း၊ ငွေလွှဲစာတမ်း ဖွင့်လှစ်ခြင်း ကိစ္စအရပ်ရပ်ကို ပင်လယ်ရေကြောင်းမှ ပုံမှန်ကုန်သွယ်မှုနည်းလမ်း(Conventional Trade) ဖြင့် ဆောင်ရွက်သည့် လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ရပါမည်။

နယ်စပ်ကုန်သွယ်ရေးနည်းလမ်း (Border Trade) ဖြင့် ဆောင်ရွက်ခြင်း

၉၆။ နယ်စပ်ဒေသများမှ တစ်ဆင့် နယ်စပ်ကုန်သွယ်ရေး နည်းလမ်းဖြင့် ဆောင်ရွက်ရာတွင် နိုင်ငံအလိုက်ငွေကြေးသတ်မှတ်ပေးချေမှုမှာ စာပိုဒ်- ၅၁ တွင်ဖော်ပြထားသည့်အတိုင်း ဖြစ်ပါသည်။

သွင်းကုန်လိုင်စင်ကြေးများ

၉၇။ နယ်စပ်ကုန်သွယ်မှုနည်းလမ်းဖြင့် နယ်စပ်ဒေသများမှ တစ်ဆင့် ကုန်ပစ္စည်းများ တင်သွင်းရန် သွင်းကုန်လိုင်စင်ကြေးများကို နယ်စပ်ဒေသအားလုံး အောက်ပါနှုန်းထားများအတိုင်း ပေးဆောင်ရန် သတ်မှတ်ထားပါသည်-

| ဆိပ်ကမ်းရောက်တန်ဖိုး(CIF) | သွင်းကုန်လိုင်စင်ကြေး |
|---|---|
| ကျပ် ၁၀၀၀၀ ထိ | ကျပ် ၂၅၀ |
| ကျပ် ၁၀၀၀၁ မှ ကျပ် ၂၅၀၀၀ | ထိ ကျပ် ၆၂၅ |
| ကျပ် ၂၅၀၀၁ မှ ကျပ် ၅၀၀၀၀ | ထိ ကျပ် ၁၂၅၀ |
| ကျပ် ၅၀၀၀၁ မှ ကျပ် ၁၀၀၀၀၀ | ထိ ကျပ် ၂၅၀၀ |
| ကျပ် ၁၀၀၀၀၁ မှ ကျပ် ၂၀၀၀၀၀ | ထိ ကျပ် ၅၀၀၀ |
| ကျပ် ၂၀၀၀၀၁ မှ ကျပ် ၄၀၀၀၀၀ | ထိ ကျပ် ၁၀၀၀၀ |
| ကျပ် ၄၀၀၀၀၁ မှ ကျပ် ၁၀၀၀၀၀၀ | ထိ ကျပ် ၂၀၀၀၀ |
| ကျပ် ၁၀၀၀၀၀၁ နှင့်အထက် | ကျပ် ၅၀၀၀၀ |

အရောင်းအဝယ်အငြင်းပွားမှုများကို ဖြေရှင်းခြင်း

၉၈။ ပြည်ပနိုင်ငံများရှိ ကုမ္ပဏီများနှင့် အရောင်းအဝယ်အငြင်းပွားမှုများ ပေါ်ပေါက်ပါက ယင်း အငြင်းပွားမှုများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ The Arbitration Law 2016 နှင့် တည်ဆဲဥပဒေများအရ ဖြေရှင်းဆောင်ရွက်ရန်ဖြစ်ပါသည်။

## ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်

၉၉။ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုတွင် ကုန်ပစ္စည်းတင်ပို့သောနိုင်ငံသည် ပို့ကုန်ပစ္စည်း၏ မူရင်း ထုတ်လုပ်သည့် နိုင်ငံဖြစ်ကြောင်း သက်သေပြနိုင်ရန်အတွက် ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် (Certificate of Origin) ကိုထုတ်ပေးရပါသည်။ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (၂) မျိုးရှိပါသည်။ ၎င်းတို့မှာ -

(က) အကောက်ခွန်သက်သာခွင့်နှင့် မသက်ဆိုင်သော ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် (Non Preferential Certificate of Origin) (for MFN Tariff Rate)

(ခ) အကောက်ခွန်သက်သာခွင့်ဆိုင်ရာပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် (Preferential Certificate of Origin)

## အကောက်ခွန်သက်သာခွင့်နှင့်မသက်ဆိုင်သော ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်

၁၀၀။ အထက်ပါအကောက်ခွန်နှုန်း သက်သာ/ကင်းလွတ် အစီအစဉ်များနှင့် မသက်ဆိုင်သော ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များကို အောက်ဖော်ပြပါ သက်ဆိုင်ရာဌာနများနှင့်အဖွဲ့အစည်း များကထုတ်ပေးပါသည်-

(က) နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများက တင်ပို့သည့်ပစ္စည်းများအတွက် ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်ကို သက်ဆိုင်ရာစီးပွားရေး အဖွဲ့အစည်းများကပင် မိမိတို့ ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် ထုတ်ပေးပါသည်။

(ခ) ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များကတင်ပို့မည့်ကုန်ပစ္စည်းများအတွက် (အထည် အလိပ် ကုန်ပစ္စည်းများမှအပ) ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်ကို ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်က ထုတ်ပေး ပါသည်။

(ဂ) အထည်အလိပ်ကုန်ပစ္စည်းများ တင်ပို့ရောင်းချခြင်းအတွက် ပင်ရင်းနိုင်ငံသက်သေခံ လက်မှတ်များကိုစက်မှုဝန်ကြီးဌာန၊ မြန်မာ့အထည်အလိပ်လုပ်ငန်းက ထုတ်ပေးပါ သည်။

(ဃ) ရေထွက်ကုန်ပစ္စည်းများ တင်ပို့ရောင်းချခြင်းအတွက် ပင်ရင်းနိုင်ငံသက်သေခံ လက်မှတ်ကို ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင် များအသင်းချုပ်နှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှထုတ်ပေးပါသည်။

## အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်

၁၀၁။ ပြည်ပနိုင်ငံများသို့ ကုန်ပစ္စည်းများ တင်ပို့ရောင်းချရာတွင် အောက်ဖော်ပြပါ အချက်များ နှင့်ကိုက်ညီပါက လုပ်ငန်းရှင်သည် အကောက်ခွန် သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံ သက်သေခံ လက်မှတ်ကို ကုန်သွယ်ရေးဦးစီးဌာနအောက်ရှိ နယ်စပ်စခန်းများတွင် လျှောက်ထားနိုင်ပါသည်-

(က) ကုန်လက်ခံနိုင်ငံသည်မြန်မာနိုင်ငံအားအကောက်ခွန်သက်သာခွင့်ဆိုင်ရာအခွင့်အရေးပေးသည့်နိုင်ငံ (သို့မဟုတ်) မြန်မာနိုင်ငံက ပါဝင်အကောင်အထည်ဖော်လျက်ရှိသည့် လွတ်လပ်သော ကုန်သွယ်မှုစာချုပ်အဖွဲ့ဝင်နိုင်ငံ ဖြစ်ရပါမည်။

(ခ) တင်ပို့ရောင်းချသည့်ကုန်ပစ္စည်းသည် ကုန်လက်ခံနိုင်ငံက ထုတ်ပြန်သတ်မှတ်ထား သည့် အကောက်ခွန်သက်သာခွင့်ပေးမည့် အစီအစဉ်တွင် အကျုံးဝင်သည့်ပစ္စည်း ဖြစ်ရပါမည်။

(ဂ) တင်ပို့ရောင်းချသည့် ကုန်ပစ္စည်းသည် မြန်မာနိုင်ငံအား အကောက်ခွန်သက်သာခွင့် ဆိုင်ရာ အခွင့်အရေးပေးသည့် အစီအစဉ်များနှင့် မြန်မာနိုင်ငံမှ ပါဝင်အကောင် အထည်ဖော်ဆောင်လျက်ရှိသော လွတ်လပ်သော ကုန်သွယ်မှုဒေသများ၏ ပင်ရင်း နိုင်ငံစည်းမျဉ်း သတ်မှတ်ချက်များနှင့် ကိုက်ညီရန် လိုအပ်ပါသည်။

(ဃ) ကုန်စည်တင်ပို့သောနိုင်ငံမှ တင်သွင်းသောနိုင်ငံသို့ တိုက်ရိုက်ပို့ဆောင်ရပါမည်။ (လိုအပ်ပါက တစ်ဆင့်ခံသယ်ယူပို့ဆောင်မှုဖြင့် ပို့ဆောင်နိုင်ပါသည်။)

(င)

သက်သေခံစာရွက်စာတမ်းအထောက်အထားများပြည့်စုံစွာတင်ပြရမည်။

၁၀၂။ WTO အဖွဲ့ဝင်နိုင်ငံများအတွင်း ဖွံ့ဖြိုးပြီးနိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများအတွက် တစ်ဖက်သတ် အခွင့်အရေးပေးသည့်အစီအစဉ်များနှင့် မြန်မာနိုင်ငံမှ ပါဝင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လွတ်လပ်သော ကုန်သွယ်မှုဒေသဆိုင်ရာ စာချုပ်ဝင် အဖွဲ့ဝင်နိုင်ငံများအကြား အပြန်အလှန် အကောက်ခွန်နှုန်း လျှော့ချသည့် အစီအစဉ်များ အတွက် အောက်ဖော်ပြပါ အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ်များကိုသတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ခွင့်ပြု ထုတ်ပေးလျက်ရှိပါသည် -

(က) GSP – Form A (Generalized System of Preferences)။ WTO အဖွဲ့ဝင် ဖွံ့ဖြိုးပြီးနိုင်ငံ (၃၉) နိုင်ငံမှပေးသော တစ်ဖက်သတ် အကောက်ခွန် အခွင့်အရေးများ အတွက် ထုတ်ပေးသောပင်ရင်းနိုင်ငံသက်သေခံလက်မှတ် ။

(ခ) Preferential Tariff For LDCs From Korea။ ကိုရီးယားသမ္မတနိုင်ငံက ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများအတွက် ပေးအပ်သော တစ်ဖက်သတ် အကောက်ခွန် ကင်းလွတ်ခွင့် အစီအစဉ်အရ ကိုရီးယားနိုင်ငံသို့ တင်ပို့သောအစီအစဉ်နှင့် အကျုံးဝင် သည့် ပို့ကုန်ပစ္စည်းများအတွက် ထုတ်ပေးသော ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်။

(ဂ) Duty Free Tariff Preference Scheme For LDCs ။ အိန္ဒိယနိုင်ငံက ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများအတွက်ပေးအပ်သော တစ်ဖက်သတ် အကောက်ခွန် ကင်းလွတ်ခွင့် အစီအစဉ်အရ အိန္ဒိယနိုင်ငံသို့ တင်ပို့သော အစီအစဉ်နှင့် အကျုံးဝင် သည့် ပို့ကုန်ပစ္စည်းများအတွက် ထုတ်ပေးသော ပင်ရင်းနိုင်ငံလက်မှတ်။

(ဃ) Duty Free Treatment Granted by China ။ တရုတ်ပြည်သူ့ သမ္မတနိုင်ငံကဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများအတွက် တစ်ဖက်သတ်အကောက်ခွန် ကင်းလွတ်ခွင့် အစီအစဉ်အရ

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့သောအစီအစဉ်နှင့် အကျုံးဝင်သည့် တင်ပို့ကုန်စည်များအတွက် ထုတ်ပေးသော ပင်ရင်းနိုင်ငံ သက်သေခံ လက်မှတ်။

(c) ATIGA – Form D ။ အာဆီယံ ကုန်စည်ကုန်သွယ်ရေး သဘောတူစာချုပ် (ASEAN Trade in Goods Agreement) အရ အာဆီယံ အဖွဲ့ဝင်နိုင်ငံများ အကြား အပြန်အလှန်အကောက်ခွန် အခွင့်အရေးပေးသည့် အစီအစဉ်အတွက် ထုတ်ပေးသော ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် ။

(စ) Form – E ။ အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသအရ အပြန် အလှန် အကောက်ခွန် အခွင့်အရေးပေးသည့် အစီအစဉ်အတွက် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြားထုတ်ပေးသော ပင်ရင်းနိုင်ငံသက်သေခံ လက်မှတ်။

(ဆ) Form – AK ။ အာဆီယံ - ကိုရီးယား လွတ်လပ်သောကုန်သွယ်မှု ဒေသအရ အပြန်အလှန်အကောက်ခွန် အခွင့်အရေးပေးသည့် အစီအစဉ်အတွက် ကိုရီးယား သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ထုတ်ပေးသောပင်ရင်းနိုင်ငံ သက်သေခံ လက်မှတ် ။

(ဇ) Form -AJ ။ အာဆီယံ-ဂျပန်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူ စာချုပ်အရ အပြန်အလှန်အကောက်ခွန် အခွင့်အရေးပေးသည့် အစီအစဉ်အတွက် ဂျပန်နိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား ထုတ်ပေးသော ပင်ရင်းနိုင်ငံ သက်သေခံ လက်မှတ် ။

(ဈ) Form AANZ ။ အာဆီယံ-ဩစတြေးလျ၊ နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသအရ အပြန်အလှန်အကောက်ခွန်အခွင့်အရေးပေးသည့် အစီအစဉ် အတွက် ဩစတြေးလျ ၊ နယူးဇီလန် နိုင်ငံများနှင့် အာဆီယံနိုင်ငံများအကြား ထုတ်ပေးသော ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်။

(ည) Form – AI ။ အာဆီယံ-အိန္ဒိယလွတ်လပ်သော ကုန်သွယ်မှုဒေသအရ အပြန် အလှန် အကောက်ခွန် အခွင့်အရေးပေးသည့် အစီအစဉ်အတွက် အိန္ဒိယနိုင်ငံနှင့် အာဆီယံ နိုင်ငံများအကြား ထုတ်ပေးသော ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်။

### ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် လျှောက်ထားခြင်း

၁၀၃။ အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များ လျှောက်ထားခြင်း နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ လွတ်လပ်သောကုန်သွယ်မှုဒေသများနှင့် အစီအစဉ်များ၏ သတ်မှတ် ပြဋ္ဌာန်းထားသော ပင်ရင်းနိုင်ငံစည်းမျဉ်းများ၊ ဝန်ကြီးဌာနမှ သတ်မှတ်ထားသော စည်းမျဉ်း စည်းကမ်းများ၊ ထုတ်ပြန်ထားသောအမိန့်ကြော်ငြာစာများနှင့် ပို့ကုန်သွင်းကုန်နှင့် ပတ်သက်သော သတင်းလွှာများအရ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားနိုင်သည်။

### လျှောက်ထားရာတွင် တင်ပြရမည့် စာရွက်စာတမ်းများ

၁၀၄။ လျှောက်ထားရာတွင် ဖျက်ရာပြင်ရာမပါရှိဘဲ အင်္ဂလိပ်ဘာသာဖြင့် ပြည့်စုံစွာ ဖြည့်စွက် ထားသော သက်ဆိုင်ရာ CO Form နှင့်အတူ အောက်ဖော်ပြပါအချက်အလက်နှင့် စာရွက်စာတမ်း များကို ပူးတွဲတင်ပြရမည်-

(က) ညွှန်ကြားရေးမှူးချုပ်သို့ လိပ်မူ၍ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် ခွင့်ပြုထုတ်ပေးပါရန် ကုမ္ပဏီ Letter Head ပါလျှောက်လွှာ၊

(ခ) ရာနှုန်းပြည့်ထုတ်ကုန်များအတွက် ရာနှုန်းပြည့်ထုတ်ကုန်ဖြစ်ကြောင်းခံဝန်ချက်၊

(ဂ) စက်မှုထုတ်ကုန်များအတွက် Certificate of Product Registration၊

(ဃ) သင်္ဘောတင်အထောက်အထား (မိတ္တူ)

(င) အရောင်းပြေစာ(မိတ္တူ) နှင့်ထုတ်ပိုးစာရင်း (မိတ္တူ)

(စ) ပို့ကုန်လိုင်စင် (မိတ္တူ) / ပို့ကုန်ကြေငြာလွှာ (မူရင်းနှင့်မိတ္တူ)

(ဆ) အရောင်းအဝယ်စာချုပ် (မိတ္တူ)

(မှတ်ချက်။ ပို့ကုန်လိုင်စင်လျှောက်ထားရန်မလိုသော ကုန်ပစ္စည်းအတွက်)

(ဇ) လုပ်ငန်းရှင်စိစစ်ရေးကတ် (မိတ္တူ)/ Form-XXVI (မိတ္တူ)

မှတ်ချက်။ စာရွက်စာတမ်းများပေါ်တွင် Form-XXVIပါ မန်နေဂျင်းဒါရိုက်တာ (သို့မဟုတ်) ဒါရိုက်တာတစ်ဦးဦးမှ မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ် ရေးထိုးရမည်။

သတ်မှတ်အခကြေးငွေပေးသွင်းခြင်း

၁၀၅။ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ကြေးများ မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | ပုံစံတစ်စုံကြေး | ၃၀၀ ကျပ် |
| (ခ) | ဝန်ဆောင်ကြေး | ၃၀၀၀ ကျပ် |
| (ဂ) | ထုတ်ကုန်ပစ္စည်းမှတ်ပုံတင်ကြေး | ၅၀၀၀ ကျပ် |
| (ဃ) | ပျောက်ဆုံးပျက်စီးပါက အသစ်လျှောက်ထားခြင်း | ၅၀၀၀ ကျပ် |
| (ဃ) | ပြင်ဆင်ခြင်း၊ | ၁၀၀၀ ကျပ် |

မိတ္တူမှန်လျှောက်ထားခြင်း

၁၀၆။ ခွင့်ပြုထုတ်ပေးထားသောပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များပျက်စီး၊ပျောက်ဆုံးပါကသတ်မှတ်ကြေးပေးသွင်း၍ မိတ္တူမှန် လာရောက်လျှောက်ထားနိုင်သည်။

**Latest News:**

## အပိုင်း(၃) - ကုန်ပစ္စည်းအမျိုးအစားအလိုက် လိုက်နာဆောင်ရွက်ရန်အချက်များ

၁၀၇။ သက်ဆိုင်ရာဌာနမှထောက်ခံချက်ရယူပြီးမှ တင်ပို့/တင်သွင်းရမည့် ကုန်ပစ္စည်းများ

| စဉ် | ထောက်ခံချက်ထုတ်ပေးမည့်ဌာန | ထောက်ခံချက်ရယူရမည့်ပစ္စည်းများ |
| --- | --- | --- |
| (က) | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | လယ်ယာထွက်ကုန်ဖြစ်သည့်မျိုးစေ့များ၊ အပင်မှထွက်ရှိသည့်ပစ္စည်းများ၊ ပိုးသတ်ဆေး၊ ဓာတ်မြေသြဇာ |
| (ခ) | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန | သစ်ခွဲသားများနှင့်သစ်တောထွက်ပစ္စည်းများ၊ အိုဇုန်းလွှာ ပျက်စီးစေသောဓာတ်ပစ္စည်းများ |
| (ဂ) | ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး ဦးစီးဌာန (FDA)၊ ကျန်းမာရေးဦးစီးဌာန | အစားအစာများ၊ သွားတိုက်ဆေး ၊ ပြဒါး၊ ကုန်ကြမ်း၊ ဆေးဝါးများ၊ ဆေးပစ္စည်းများ (Disposable Syringe, Infusion Set, Blood Transfusion Set, Surgical Gloves, Test Kits) ၊ စားသောက်ကုန် ပစ္စည်းများ၊ စားအုန်းဆီ ( Palm Olein Cloud Point 8 °C Max, IV(Iodine Value) 58 Min Specification) |
| (ဃ) | သတ္တုတွင်းဝန်ကြီးဌာန | သတ္တုတွင်းထွက်ပစ္စည်းများ၊ဆိုဒီယမ်ဆိုင် ယာနိုက် |
| (င) | မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက် ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန | တိရစ္ဆာန်၊ပုစွန်သားပေါက်နှင့် ပုစွန်အားဆေး၊ ငါးအစာ၊ ငါးအရှင် ၊ တိရစ္ဆာန်ဆေး၊ တိရစ္ဆာန်ထွက်ပစ္စည်းများ၊ တိရစ္ဆာန် အစာ၊ တိရစ္ဆာန်များ ခွဲစိတ်ကုသရာတွင် အထောက် အကူပြုပစ္စည်းများ (Transit Trade စနစ် အပါအဝင်) |
| (စ) | ပြည်ထဲရေးဝန်ကြီးဌာန၊ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲ စသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ | မူးယစ်ဆေးဝါး(သို့မဟုတ်) စိတ်ကိုပြောင်းလဲ စေသောဆေးဝါးများထုတ်လုပ်ရာတွင် အသုံးပြုသည့် ထိန်းချုပ်ဓာတုဗေဒပစ္စည်း (၂၆)မျိုး |
| (ဆ) | စွမ်းအင်ဝန်ကြီးဌာန | Liquefied Petroleum Gas (LPG) |
| (ဇ) | ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့ရုပ်ရှင် လုပ်ငန်း | နိုင်ငံခြားရုပ်ရှင်ကားများ |
| (ဈ) | ဆက်သွယ်ရေးနှင့်သတင်းအချက် အလက်နည်းပညာဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန | နောက်ဆက်တွဲ(ဇ) ဖြင့် ဖော်ပြထားပါသည် |

(ည)  ပို့ဆောင်ရေးဝန်ကြီးဌာန  ယာဉ်များ (ရေယာဉ်/ လေယာဉ်)

(ဋ )  စက်မှုဝန်ကြီးဌာန  ယာဉ်အပိုပစ္စည်းများ (စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ၏ ထောက်ခံချက် ရယူရန် လိုအပ်သည့်ပစ္စည်းများအတွက်)

(ဌ)  သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန  ရေဒီယိုသတ္တိကြွပစ္စည်းများ

ဆေးဝါးများ တင်သွင်းခြင်း

၁၀၈။ မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့ ဆေးဝါးအကြံပေးကော်မတီမှခွင့်ပြု ထုတ်ပေးသော မှတ်ပုံတင်ထားသည့် ဆေးဝါးများသာ တင်သွင်းရောင်းချခွင့်ပြုပါသည်။ ဆေးဝါး များပြည်ပမှ တင်သွင်းခွင့်ပြုရာတွင် သွင်းကုန်လိုင်စင်၌ ဆိပ်ကမ်းသို့ ပစ္စည်းရောက်ရှိချိန်တွင် ဆေးဝါးသက်တမ်းကျန်ရှိရန် သတ်မှတ်ဖော်ပြခြင်းနှင့် ပတ်သက်၍ ဆေးဝါးမူလသက်တမ်း (ထုတ်လုပ်သူမှ သတ်မှတ်သက်တမ်း) ၏ တစ်ဝက် (၅၀%) ကျန်ရှိရမည်။ ၁/ ပြည်ပမှ ဆေးဝါးများ တင်သွင်းရောင်းချမည့် လုပ်ငန်းရှင်သည် ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနမှ ထုတ်ပေးသည့် အောက်ဖော်ပြပါ စာရွက်စာတမ်းများတင်ပြမှသာ တင်သွင်း ရောင်းချခွင့်ပြုမည်ဖြစ်ပြီးလိုအပ်သည့် သွင်းကုန်လိုင်စင်များကိုလည်း ထုတ်ပေးမည်ဖြစ်ပါသည် -၂/

(က)  ဆေးဝါးတင်သွင်းခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ်

(ခ)  ဆေးဝါးမှတ်ပုံတင်လက်မှတ်

(ဂ)  ဆေးဝါးလက်လီ/လက်ကား ရောင်းချသူလိုင်စင်

စားသောက်ကုန်များတင်သွင်းခြင်း

၁၀၉။ အရည်အသွေးပြည့်မီသော အစားအသောက်များကို ပြည်သူများရရှိစားသုံးနိုင်စေရန်နှင့် ဖြန့်ဖြူးရောင်းချသူများသည် သက်တမ်းကုန်ဆုံးရက်နီးသော အစားအသောက်များကို တင်သွင်း ခြင်းမှ ဟန့်တားနိုင်စေရန်အတွက် အစားအသောက်များနှင့်စပ်လျဉ်း၍-

(က)  သက်တမ်း (၂)နှစ်နှင့်အထက်ရှိ စားသောက်ကုန်များအတွက် သက်တမ်းအနည်းဆုံး (၁)နှစ် ကျန်ရှိရမည်။

(ခ)  သက်တမ်း(၁)နှစ်မှ (၂)နှစ်အထိရှိ စားသောက်ကုန်များအတွက် သက်တမ်းအနည်း ဆုံး (၆)လ ကျန်ရှိရမည်။

(ဂ)  သက်တမ်း (၁)နှစ်အောက်ရှိ စားသောက်ကုန်များအတွက် ဆိပ်ကမ်းရောက်ရှိချိန်တွင် သက်တမ်းအနည်းဆုံး (၄)လ ကျန်ရှိနေရမည်။ ၁/

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများနှင့် ယင်းဆေးဝါးများ ထုတ်လုပ်ရာ၌ အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းများ တင်သွင်းခြင်း

၁၁၀။ ကျန်းမာရေးဝန်ကြီးဌာနက မူးယစ်ဆေးဝါးများအဖြစ်လည်းကောင်း၊ စိတ်ကိုပြောင်းလဲစေ သောဆေးဝါးများအဖြစ်လည်းကောင်း၊ ယင်းဆေးဝါးများထုတ်လုပ်ရာ၌ အသုံးပြုသည့် ထိန်းချုပ်

ဓာတုပစ္စည်းများအဖြစ်လည်းကောင်း၊ သတ်မှတ်ထားသည့် ဆေးဝါးများ၊ ထိန်းချုပ်ဓာတုပစ္စည်း များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ ထုတ်လုပ် ရာ၌ အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းများ (၂၆) မျိုး
(ကျန်းမာရေးဝန်ကြီး ဌာန၏ ၅-၆-၂၀၀၂ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၀၂ နောက်ဆက်တွဲ(ဈ)

(ခ) စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ (၁၁၅) မျိုး
(ကျန်းမာရေးဝန်ကြီးဌာန၏ ၂၁ -၆ -၂၀၀၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂ / ၂၀၀၂ နှင့် ၁၇ - ၁၁ - ၂၀၀၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁ /၂၀၀၅ ) နောက်ဆက်တွဲ(ည)

(ဂ) မူးယစ်ဆေးဝါးများ (၁၂၅) မျိုး
(ကျန်းမာရေးဝန်ကြီးဌာန၏ ၂၉ - ၇ -၂၀၀၂ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၃/၂၀၀၂ နှင့် ၁၇ - ၁၁ -၂၀၀၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂ / ၂၀၀၅) နောက်ဆက်တွဲ(ဋ)

မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ သွင်းကုန်လိုင်စင်လျှောက်ထားခြင်း

၁၁၁။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ တင်သွင်းခွင့်ပြုရာတွင် ကျန်းမာရေးဝန်ကြီးဌာန၏ (၇.၃.၂၀၀၃) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၀၃ ဖြင့် ထုတ်ပြန်ထားသည့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထိန်းချုပ်ရေး ဆိုင်ရာ အမိန့်ပါသတ်မှတ်ချက်များအရ ကျန်းမာရေးဝန်ကြီးဌာန၏ ထောက်ခံချက်ဖြင့် ကျန်းမာရေး ဝန်ကြီးဌာနမှ ထောက်ခံသည့် အရေအတွက်များအတိုင်းသာ တင်သွင်းခွင့်ပြုသည်။

၁၁၂။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများထုတ်လုပ်ရာ၌ အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်းများ (၂၆) မျိုးအား ပြည်ပမှတင်သွင်းခြင်း ဆောင်ရွက်လိုသည့် လုပ်ငန်းရှင် များသည် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ် ရေးဗဟိုအဖွဲ့၏ထောက်ခံချက်ကို ကြိုတင်ရယူရန်နှင့် ယင်းကော်မတီ၏ ထောက်ခံချက် ပူးတွဲ တင်ပြ၍ သွင်းကုန်လိုင်စင် လျှောက်ထားရမည်။

မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်များနှင့် အပင်ပန်းမန်များနှင့် ပတ်သက်၍ စီးပွားဖြစ် ကုန်သွယ်မှုအဆင့် သတ်မှတ်ချက်များ ( CITES )

၁၁၃။ မျိုးဆက်ပျက်သုဉ်းလုဆဲ တောရိုင်းတိရစ္ဆာန်များနှင့် အပင်ပန်းမန်များနှင့် ပတ်သက်၍ စီးပွားဖြစ် ကုန်သွယ်မှုအဆင့် သတ်မှတ်ချက်များကို CITES Appendix များဖြင့် ပူးတွဲပါအတိုင်း ခွဲခြားသတ်မှတ်ပါသည်။

နောက်ဆက်တွဲ(ဌ)

အကောက်ခွန်လွတ်အရောင်းဆိုင်များ(Duty Free Shop)အတွက်ပစ္စည်းများ တင်သွင်းခြင်း

၁၁၄။ သွင်းကုန်လိုင်စင်လျှောက်ထားရာ၌ အောက်ဖော်ပြပါအထောက်အထားများ ပါဝင်ရပါမည်-

(က) ကုမ္ပဏီ Letter Head ပါ သွင်းကုန်လိုင်စင်လျှောက်လွှာ၊

(ခ) ဆိုင်ဖွင့်လှစ်ထားသည့် သက်ဆိုင်ရာလေဆိပ် လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန၏ အကောက်ခွန်လွတ်ဆိုင် ဖွင့်လှစ်ထားကြောင်း ထောက်ခံချက်၊

(ဂ) ဆိုင်ငှားရမ်းခပေးချေထားသော အထောက်အထား၊

(ဃ) အကောက်အခွန်ဦးစီးဌာနမှ ထုတ်ပေးထားသော Bonded Warehouse Licence၊

(င) အကောက်ခွန်လွတ်အရောင်းဆိုင်တွင် ရောင်းချမည့်ပစ္စည်းများ တင်သွင်းရာတွင် တစ်ကြိမ်လျှောက်ထားပြီး ထပ်မံလျှောက်ထားခြင်းဖြစ်ပါက မူလလျှောက်ထားပြီး ပစ္စည်းများကိုရောင်းချပြီးကြောင်းသက်ဆိုင်ရာ ဘဏ်များသို့ ငွေပေးသွင်းပြီး ကြောင်းနှင့်သက်ဆိုင်ရာ အကောက်ခွန်ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ် စာရင်းလျှော့ပြီးဖြစ်ကြောင်း အထောက်အထား စာရွက်၊ စာတမ်းများ၊

(စ) အကောက်ခွန်လွတ်အရောင်းဆိုင် ဖွင့်လှစ်ရောင်းချခွင့်လက်မှတ်

(ဆ) နိုင်ငံခြားသုံးငွေဆိုင်ရာ ကိစ္စရပ်များအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထုတ်ပြန် ထားသည့် သတ်မှတ်ချက်များရှိပါက ပူးတွဲတင်ပြရမည်။

ဝိုင်တင်သွင်းခြင်း

၁၁၅။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် လက်ရှိပြောင်းလဲတိုးတက်လာ သော အခြေအနေအရ နိုင်ငံခြားသားဝင်ရောက်မှု များပြားလာခြင်း၊ ပြည်တွင်းဈေးကွက် လိုအပ် ချက်ရှိခြင်းတို့ကြောင့် နိုင်ငံခြားဖြစ်ဝိုင်အမျိုးမျိုးကို ပြည်ထောင်စုဝန်ကြီးရုံး၏ ၁၇-၃-၂၀၁၅ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ် (၁၈/၂၀၁၅) ဖြင့် ပြည်ပမှ တရားဝင်တင်သွင်းခွင့်ပြုခဲ့ပါသည်။

၁၁၆။ စက်သုံးဆီတင်သွင်းခြင်း

စက်သုံးဆီလိုင်စင်လျှောက်ထားရာတွင် အောက်ပါအချက်များ ပါဝင်ရမည်-

(က) ကုမ္ပဏီများအနေဖြင့် မိမိတင်သွင်းလိုသည့် စက်သုံးဆီပမာဏအား အရေအတွက် ကန့်သတ်ချက်မရှိ လျှောက်ထားနိုင်သည်။

(ခ) စွမ်းအင်ဝန်ကြီးဌာနမှ သတ်မှတ်ထားသော စျေးနှုန်းနှင့် စံချိန်စံညွှန်းများအတိုင်း လျှောက်ထားရမည်။

(ဂ) မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချ ဖြန့်ဖြူးရေးအသင်း (Myanmar Petroleum Trade Association - MPTA) အသင်းဝင်ဖြစ်ကြောင်း အထောက် အထား တင်ပြရမည်။

တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းတင်သွင်းခြင်း

၁၁၇။ အမဲသား၊ ဆိတ်သားနှင့် စားသုံးနိုင်သော တိရစ္ဆာန်ထွက်ကုန်ပစ္စည်းများ တင်သွင်းရန် လျှောက်ထားလာပါက မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏ ကျန်းမာရေးဆိုင်ရာ ထောက်ခံချက်ဖြင့် တင်သွင်းခွင့်ပြုပါသည်။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသည် အောက်ပါအချက်များ ပြည့်စုံပါက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ ကန့်ကွက်ရန်မရှိကြောင်း သဘောထား မှတ်ချက်ပေးပို့မည်ဖြစ်ပါသည်-

(က) မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော အမဲသား၊ ဆိတ်သား နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ဝက်သားနှင့်ကြက်သားတင်သွင်းမှုအတွက် လိုအပ်သော စည်းမျဉ်းစည်းကမ်းများ(Regulations) များအတိုင်း လိုက်နာဆောင်ရွက်ခြင်း၊

(ခ) တစ်ဖက်နိုင်ငံမှ တင်ပို့မည့်အသားများနှင့်ပတ်သက်၍ တင်ပို့သည့်နိုင်ငံ၏ တိရစ္ဆာန်ဆေးကုဌာနမှ တာဝန်ရှိသောသူ (Authorized Person) လက်မှတ်ထိုးထားသော တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက် (Verinary Health Certificate) ပါရှိခြင်း။

ပြန်လည်ပြုပြင်ထားသောစက်ပစ္စည်းများတင်သွင်းခြင်း

၁၁၈။ ပြည်တွင်းကုန်ထုတ်လုပ်ငန်းများအတွက် စက်ရုံတည်ထောင်ရင်းနှီးမြှုပ်နှံသည့် ပုဂ္ဂလိက လုပ်ငန်းရှင်များအား ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများ (ငှားရမ်းခြင်းအပါ အဝင်) ဆောင်ရွက်နိုင်ရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပြန်လည် ပြုပြင်ထားသည့် စက်ပစ္စည်းများအား အောက်ဖော်ပြပါ စည်းကမ်းများနှင့်အညီ တင်သွင်းခွင့်ပြု မည်ဖြစ်ပါသည် -

(က) အသေးစားနှင့် အလတ်စား စက်မှုလက်မှုလုပ်ငန်းများအတွက် အသုံးပြုနိုင်မည့် စက်ပစ္စည်းများ ဖြစ်ရမည်။

(ခ) တင်သွင်းမည့် စက်ပစ္စည်းသည် အပြည့်အဝ ပြန်လည်ပြုပြင်ပြီး (Full Reconditioned) ဖြစ်ရမည်။

(ဂ) တင်သွင်းပြီးနောက် (၁၀)နှစ်အတွင်း ကောင်းမွန်စွာ သုံးစွဲနိုင်ကြောင်း နိုင်ငံခြားမှ စက်ပစ္စည်း ရောင်းချသူ၏ အာမခံချက် (Warranty) ပါရှိရမည်။

(ဃ) နိုင်ငံသားလုပ်ငန်းရှင်မှ Reconditioned စက်ပစ္စည်းများ တင်သွင်းခွင့်နှင့် ပတ်သက်၍ အထောက်အထားပြည့်စုံစွာ တင်ပြလာပါက စိစစ်ခွင့်ပြုမည်။

အသုံးပြုပြီးစက်ပစ္စည်း (Used Machine) များ တင်သွင်းခြင်း

၁၁၉။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပြည်ပမှစက်ပစ္စည်းများ တင် သွင်းခွင့်ပြုရာတွင် အသစ် (Brand New) နှင့် ပြုပြင်ပြီး (Reconditioned) စက်ပစ္စည်းများကိုသာ တင်သွင်းခွင့်ပြုခဲ့ပါသည်။ ယခုအခါ အသေးစား/အလတ်စားစက်မှုလုပ်ငန်းများအပါအဝင် စက်မှု ကုန်ထုတ်လုပ်ငန်းများ လုပ်ငန်းတည်ထောင်ဆောင်ရွက်ရာ၌ အထောက်အကူဖြစ်စေရန်အတွက် ရင်းနှီးမြှုပ်နှံမှုကုန် ကျစရိတ်သက် သာစေရန် အသုံးပြုနိုင်သည့် ပြုပြင်ထားခြင်းမရှိသောစက်ပစ္စည်း (Used Machine)

များကိုကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၏၉.၃.၂၀၁၅ ရက်စွဲပါ ပို့ကုန် သွင်းကုန် နှင့်ပတ်သက်သောသတင်းလွှာ (၂/၂၀၁၅) ဖြင့် တင်သွင်းခွင့်ပြုခဲ့ပါသည်။

၁၂၀။ အသုံးပြုပြီးစက်ပစ္စည်းများတင်သွင်းခွင့်ပြုရာတွင် ဖွံ့ဖြိုးပြီးနိုင်ငံများမှ အသုံးပြုရန်မလို အပ်သည့်/ စက်စွမ်းအားကျဆင်းနေသည့် စက်ပစ္စည်းများကို စုပုံရောင်းချသည့်အခြေအနေမျိုး မဖြစ် ပေါ်စေရန်၊ မိမိနိုင်ငံ၏ စက်မှုလုပ်ငန်းများ/ အသေးစားအလတ်စားစက်မှုကုန်ထုတ်လုပ်ငန်းများကို အထောက်အကူပြုစေမည့်စက်ပစ္စည်းများကိုသာ တင်သွင်းခွင့်ပြုနိုင်ရေးကို ရည်ရွယ်ဆောင်ရွက် ခြင်းဖြစ်ပါသည်။

၁၂၁။ အသုံးပြုပြီးစက်ပစ္စည်း (Used Machine)များတင်သွင်းခွင့်ပြုရာတွင် တစ်နှစ်ချင်း ခွင့်ပြုဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး၊ တင်သွင်းခွင့်ပြုသည့် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများကို နှစ်စဉ် ပြန်လည်သုံးသပ်သွားမည်ဖြစ်ပါသည်။ တင်သွင်းခွင့်ပြုခြင်းကို နယ်စပ်ဒေသများမှ ခွင့်မပြုသေးဘဲ၊ ပင်လယ်ရေကြောင်းမှသာ တင်သွင်းခွင့်ပြုမည်ဖြစ်ပြီး လောလောဆယ်တွင် အချိန်ကာလသတ်မှတ် ခွင့်ပြုသွားမည်ဖြစ်ပါသည်။

၁၂၂။ အသုံးပြုပြီးစက်ပစ္စည်း (Used Machine) များကို တင်သွင်းခွင့်ပြုရာတွင်

အောက် ဖော်ပြပါအချက်အလက်များ သတ်မှတ်ဆောင်ရွက်သွားရန် ဖြစ်ပါသည်-

(က) အသုံးပြုပြီးစက်ပစ္စည်း (Used Machine) များကို ကိုယ်တိုင်လုပ်ငန်း တည်ထောင် ဆောင်ရွက်မည့် စက်မှုလက်မှုလုပ်ငန်းဆောင်ရွက်သူအပြင် တစ်ဆင့်ပြန်လည် ရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်းအတွက်ပါ ခွင့်ပြုမည်ဖြစ်ပါသည်။

(ခ) တင်သွင်းမည့်စက်ပစ္စည်းအား တင်သွင်းခွင့်လျှောက်ထားရာတွင် စက်ပစ္စည်း၏ စံချိန်စံညွှန်းအပြည့်အစုံကို အောက်ဖော်ပြပါအတိုင်း ဖော်ပြလျှောက်ထားရမည်-

(၁) Brand Name

(၂) Capacity

(၃) ထုတ်လုပ်သည့်ခုနှစ် (Model Year)

(၄) ထုတ်လုပ်သည့်နိုင်ငံ (Country of Origin)

(၅) စက်၏ သုံးစွဲသည့် စွမ်းအင်/လောင်စာ (လျှပ်စစ်၊ ရေနွေးငွေ့၊ ဓာတ်ဆီ၊ ဒီဇယ်၊ သဘာဝဓာတ်ငွေ့သုံး)

Repair and Return စနစ်ဖြင့် ပါမစ်လျှောက်ထားခြင်း

၁၂၃။ ပြည်ပမှတင်သွင်းခဲ့သော စက်ပစ္စည်းများ ပြည်တွင်း၌အသုံးပြုစဉ် ပျက်စီးယိုယွင်းသဖြင့် ပြည်တွင်း၌ ပြင်ဆင်နိုင်ခြင်းမရှိသည့်အတွက် ပြည်ပ၌ပြင်ဆင်ရန် တင်ပို့သည့်စက်ပစ္စည်းများနှင့် ယင်း၏အစိတ်အပိုင်းများကို ပို့ကုန်ပါမစ်ဖြင့် ခွင့်ပြုပေးမည်ဖြစ်ပါသည်။

၁၂၄။ ပြည်ပသို့တင်ပို့ပြီး ပြင်ဆင်ရန်အတွက် Repair and Return စနစ်ဖြင့် ပို့ကုန်ပါမစ် လျှောက်ထားလာပါက အောက်ပါအထောက်အထားများ တင်ပြရမည်-

(က) ပြည်ပမှတင်သွင်းလာသည့်အထောက်အထား Import Licence

(ခ) ပြည်ပမှတင်သွင်းလာသည့် အကောက်ခွန်သွင်းကုန်ကြေညာလွှာ (ID) မိတ္တူ

(ဂ) သင်္ဘောတင်အထောက်အထား (B/L) မိတ္တူ

(ဃ) ပြည်တွင်း၌အသုံးပြုစဉ်ပျက်စီးယိုယွင်းသဖြင့် ပြည်ပသို့တင်ပို့ပြင်ဆင်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ယူဆောင်တင်သွင်းရမည်ဖြစ်ကြောင်း ဝန်ခံချက်

၁၂၅။ ပြည်ပသို့ပြုပြင်ရန်အတွက် Repair and Return စနစ်ဖြင့် တင်ပို့ခဲ့ပြီး၊ ပြုပြင်ပြီးဖြစ်၍ ပြည်တွင်းသို့ပြန်လည်တင်သွင်းရန် Repair and Return စနစ်ဖြင့် သွင်းကုန်ပါမစ်ခွင့်ပြုပေးမည် ဖြစ်ပြီး၊ သွင်းကုန်ပါမစ်လျှောက်ထားလာပါက အောက်ပါအထောက်အထားများ တင်ပြရမည်-

(က) Repair and Return စနစ် တင်ပို့ခဲ့သည့် Export Permit

(ခ) ပြည်ပသို့တင်ပို့သည့် အကောက်ခွန်ပို့ကုန်ကြေညာလွှာ (ED) မိတ္တူ

(ဂ) ပြည်ပသို့တင်ပို့သည့် သင်္ဘောတင်အထောက်အထား (B/L) မိတ္တူ

၁၂၆။ ပြည်ပသို့တင်ပို့ရောင်းချခဲ့သည့် စက်ပစ္စည်းများ၊ အခြားကုန်ပစ္စည်းများပျက်စီးယိုယွင်း သဖြင့် ပြည်ပကုန်ဝယ်သူမှ ပြုပြင်ပေးရန် အကြောင်းကြားချက်အရ ပြုပြင်ပေးရန်အတွက် တင်သွင်းခြင်းကို သွင်းကုန်ပါမစ်ဖြင့် ခွင့်ပြုပေးမည်ဖြစ်ပါသည်။

၁၂၇။ ပြုပြင်ပေးရန် ပြည်ပမှတင်သွင်းခြင်းအတွက် Repair and Return စနစ်ဖြင့် သွင်းကုန်ပါမစ်လျှောက်ထားလာပါက အောက်ပါအထောက်အထားများ တင်ပြရမည်-

(က) ပြည်ပသို့တင်ပို့ခဲ့သည့် အထောက်အထား Export Licence

(ခ) ပြည်ပသို့တင်ပို့သည့် အကောက်ခွန်ပို့ကုန်ကြေညာလွှာ (ED) မိတ္တူ

(ဂ) တင်ပို့ခဲ့သည့်စက်ပစ္စည်း/ အခြားကုန်ပစ္စည်းချို့ယွင်းသဖြင့် ပြုပြင်ပေးရန် ပြည်ပ ကုန်ဝယ်သူ၏ အကြောင်းကြားစာ

(ဃ) ပြည်ပမှတင်သွင်း၍ ပြုပြင်ပြီး ပြန်လည်တင်ပို့ရန် ဝန်ခံချက်

၁၂၈။ ပြုပြင်ပေးရန်အတွက် ပြည်ပမှ Repair and Return စနစ်ဖြင့် တင်သွင်းခဲ့ပြီး၊ ပြုပြင် ပြီးဖြစ်၍ ပြည်ပသို့ပြန်လည်တင်ပို့ရန် Repair and Return စနစ်ဖြင့် ပို့ကုန်ပါမစ်ခွင့်ပြုပေးမည်ဖြစ် ပြီး၊ ပို့ကုန်ပါမစ် လျှောက်ထားလာပါက အောက်ပါအထောက်အထားများ တင်ပြရမည်-

(က) Repair and Return စနစ်ဖြင့် တင်သွင်းခဲ့သည့် Import Permit

(ခ) ပြည်ပမှ တင်သွင်းသည့်အကောက်ခွန် သွင်းကုန်ကြေညာလွှာ (ID) မိတ္တူ

(ဂ) သင်္ဘောတင်အထောက်အထား (B/L) မိတ္တူ

Replacement and Return စနစ်ဖြင့် ပါမစ်လျှောက်ထားခြင်း

၁၂၉။ ပြည်ပမှတင်သွင်းခဲ့သော စက်ပစ္စည်းများ ပြည်တွင်း၌တပ်ဆင်အသုံးပြုမရ၍ဖြစ်စေ၊ ပျက်စီး ချို့ယွင်းနေ၍ဖြစ်စေ၊ ပြည်ပမှတင်သွင်းခဲ့သော အခြားပစ္စည်းများ ပြည်တွင်း၌ အသုံးပြုမရ၍ ဖြစ်စေ၊ပျက်စီးချို့ယွင်း၍ဖြစ်စေ အစားထိုးလဲလှယ်ရန်အတွက် ပြည်ပသို့ပြန်လည်တင်ပို့ခြင်းကို ပို့ကုန် ပါမစ်ဖြင့် ခွင့်ပြုပေးမည်ဖြစ်ပါသည်။

၁၃၀။ အစားထိုးလဲလှယ်ရန် ပြည်ပသို့တင်ပို့ခြင်းအား Replacement and Return စနစ်ဖြင့် ပို့ကုန်ပါမစ် လျှောက်ထားလာပါက အောက်ပါအထောက်အထားများ တင်ပြရမည်-

(က) ပြည်ပမှတင်သွင်းလာသည့်အထောက်အထား Import Licence

(ခ) ပြည်ပမှတင်သွင်းလာသည့် အကောက်ခွန်သွင်းကုန်ကြေညာလွှာ (ID) မိတ္တူ

(ဂ) အစားထိုးလဲလှယ်ပေးမည်ဖြစ်ကြောင်း ပြည်ပရှိကုန်ရောင်းသူ၏ အကြောင်းကြားစာ

(ဃ) သင်္ဘောတင်အထောက်အထား (B/L) မိတ္တူ

(င) အစားထိုးလဲလှယ်ရန် ပြည်ပသို့တင်ပို့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ယူဆောင် တင်သွင်းရမည်ဖြစ်ကြောင်း ဝန်ခံချက်

၁၃၁။ အစားထိုးလဲလှယ်ရန် ပြည်ပသို့ Replacement and Return စနစ်ဖြင့် တင်ပို့ခဲ့ပြီး၊ ပြည်တွင်းသို့ပြန်လည်တင်သွင်းရန် Replacement and Return စနစ်ဖြင့် သွင်းကုန်ပါမစ် ခွင့်ပြု ပေးမည်ဖြစ်ပြီး၊ သွင်းကုန်ပါမစ်လျှောက်ထားလာပါက အောက်ပါအထောက်အထားများ တင်ပြရ မည်-

(က) Replacement and Return စနစ် တင်ပို့ခဲ့သည့် Export Permit

(ခ) ပြည်ပသို့တင်ပို့သည့် အကောက်ခွန်ပို့ကုန်ကြေညာလွှာ (ED) မိတ္တူ

(ဂ) ပြည်ပသို့တင်ပို့သည့် သင်္ဘောတင်အထောက်အထား (B/L) မိတ္တူ

၁၃၂။ ပြည်ပသို့တင်ပို့ရောင်းချခဲ့သည့် စက်ပစ္စည်းများ ပျက်စီးချို့ယွင်း၍ဖြစ်စေ၊ ပြည်ပ၌တပ်ဆင် အသုံးပြုမရ၍ဖြစ်စေ၊ အခြားကုန်ပစ္စည်းများပျက်စီးယိုယွင်း၍ဖြစ်စေ၊ပြည်ပ၌အသုံးပြုမရ၍ဖြစ်စေ ပြည်ပကုန်ဝယ်သူမှ အစားထိုးလဲလှယ်ပေးရန် အကြောင်းကြားချက်အရ အစားထိုးလဲလှယ် ပေးရန် အတွက် တင်သွင်းခြင်းကို သွင်းကုန်ပါမစ်ဖြင့် ခွင့်ပြုပေးမည်ဖြစ်ပါသည်။

၁၃၃။ အစားထိုးလဲလှယ်ပေးရန် ပြည်ပမှတင်သွင်းခြင်းအတွက် Replacement and Return စနစ်ဖြင့် သွင်းကုန်ပါမစ်လျှောက်ထားလာပါက အောက်ပါအထောက်အထားများ တင်ပြရမည်-

(က) ပြည်ပသို့တင်ပို့ခဲ့သည့် အထောက်အထား Export Licence

(ခ) ပြည်ပသို့တင်ပို့သည့် အကောက်ခွန်ပို့ကုန်ကြေညာလွှာ (ED) မိတ္တူ

(ဂ) တင်ပို့ခဲ့သည့်စက်ပစ္စည်း/ အခြားကုန်ပစ္စည်းချို့ယွင်းသဖြင့် အစားထိုးလဲလှယ် ပေးရန် ပြည်ပကုန်ဝယ်သူ၏ အကြောင်းကြားစာ

(ဃ) အစားထိုးလဲလှယ်ပေးရန် ပြည်ပမှတင်သွင်းပြီး ပြန်လည် တင်ပို့ရန် ဝန်ခံချက်

၁၃၄။ အစားထိုးလဲလှယ်ပေးရန်အတွက် ပြည်ပမှ Replacement and Return စနစ်ဖြင့် တင်သွင်းခဲ့ပြီး၊ ပြည်ပသို့ပြန်လည်တင်ပို့ရန် Replacement and Return စနစ်ဖြင့် ပို့ကုန်ပါမစ် ခွင့်ပြုပေးမည်ဖြစ်ပြီး၊ ပို့ကုန်ပါမစ်လျှောက်ထားလာပါက အောက်ပါအထောက်အထားများ တင်ပြ ရမည်-

(က) Replacement and Return စနစ်ဖြင့် တင်သွင်းခဲ့သည့် Import Permit

(ခ) ပြည်ပမှ တင်သွင်းသည့်အကောက်ခွန် သွင်းကုန်ကြေညာလွှာ (ID) မိတ္တူ

(ဂ) သင်္ဘောတင်အထောက်အထား (B/L) မိတ္တူ

**Latest News:**

## အပိုင်း (၄) - အထွေထွေ

၁၃၅။ ပို့ကုန်သွင်းကုန်လုပ်ငန်း ဆောင်ရွက်နေသူများ အနေဖြင့် ပို့ကုန်သွင်းကုန် ဥပဒေအရ ထုတ် ပြန်ထားသော အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက် ကျူးလွန်ပါက ပို့ကုန်သွင်းကုန်ဥပဒေအရ အရေးယူခြင်းခံရမည်။

၁၃၆။ ဤလုပ်ထုံးလုပ်နည်းများစာအုပ်တွင် မပါဝင်သည့် ထူးခြားသည့် ကိစ္စရပ်များအား စီးပွား ရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက သင့်လျော်သည့် နည်းလမ်းဖြင့် ဆောင်ရွက်ခွင့်ပြု မည်ဖြစ်ပါသည်။

၁၃၇။ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတွင် အီလက်ထရောနစ်စနစ် အသုံးပြု၍ ဝန်ဆောင်မှုလုပ်ငန်းများအား ဆောင်ရွက်နိုင်ရန် အွန်လိုင်း စနစ်ဖြင့် ပို့ကုန် သွင်းကုန် လိုင်စင်ထုတ်ပေးသည့်စနစ်(IELPS System)၊ အီလက်ထရောနစ်ငွေပေးချေမှုစနစ်(e-Payment System)၊ ထုတ်ကုန် သွင်းကုန် မှတ်ပုံတင်စနစ် စသည်တို့အား ဆောင်ရွက်ထားရှိပြီး ဆက်လက်၍ အပြည့်အဝ အွန်လိုင်းစနစ်သို့ အဆင့်လိုက်ပြောင်းလဲဆောင်ရွက် သွားမည်ဖြစ်ပြီး အွန်လိုင်းမှ တစ်ဆင့် အဆိုပါ လုပ်ငန်းရှင်(ကိုယ်စား)သက်သေခံလက်မှတ် (Certificate Authority, Digital Signature, e-Token) စသည့် နည်းပညာများ ဆက်လက် အသုံးပြု ဆောင်ရွက်ခြင်းဖြင့် အများပြည်သူထံ ပိုမို ကောင်းမွန်သော ဝန်ဆောင်မှုများဖြင့် ပြောင်းလဲဝန်ဆောင်မှုပေးသွားမည် ဖြစ်ပါသည်။

၁၃၈။ အဆိုပါအွန်လိုင်းလုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်အား ဝန်ကြီးဌာန Website များတွင် အများပြည်သူလေ့လာနိုင်ရန် တင်ပြထားရှိပြီး System Error များနှင့် မရှင်းလင်းသည်များရှိပါက ဖြေရှင်းဆောင်ရွက်နိုင်ရေး Complain Center နေပြည်တော် (၀၆၇-၄၀၈၄၈၅)၊ ရန်ကုန်(၀၁-၂၄၃၀၂၅) နှင့် mocdotict@gmail သို့ ဆက်သွယ်မေးမြန်း နိုင်ပါသည်။